ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

**မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)**

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 22 February 2021 ၁၀၂၉၆

# သတင်းထုတ်ပြန်ချက်

ရက်စွဲ။ ၂၁-၂-၂၀၂၁

၁။ မဲမသမာမှုများကြောင့် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး နိုင်ငံတော်တာဝန်အား ရယူခဲ့ရပါသည်။

၂။ ၎င်းအခြေအနေတွင် NLD ပါတီဝင်များနှင့် NLD ပါတီကို ထောက်ခံသူများအနေဖြင့် ဆန္ဒပြမှုများပြုလုပ်ခဲ့ခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား ဖိအားမျိုးစုံပေး၍ CDM လှုပ်ရှားမှု၌ ပါဝင်စေခြင်း၊ လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန် ရည်ရွယ်၍ အများပြည်သူသုံးလမ်းများပေါ်၌ ကားများရပ်တန့်ပိတ်ဆို့ခြင်းအပါအဝင် နည်းလမ်းမျိုးစုံဆောင်ရွက်ခဲ့ရာ အချို့နေရာများတွင် ဆန္ဒပြမှုတွင် မပါဝင်သောပြည်သူလူထုနှင့် ထိပ်တိုက်ပဋိပက္ခဖြစ်ပွားခြင်းများပါ ပေါ်ပေါက်လာခဲ့သည်။ ကျန်းမာရေးဝန်ထမ်းအချို့ CDM တွင် ပါဝင်မှုကြောင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအချို့ ရပ်တန့်ခဲ့ပြီး ဒေသခံပြည်သူလူထုမှ ဆန့်ကျင်ဆန္ဒပြမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသည့်အပြင် ရုန်းရင်းဆန်ခတ်မှု၊ အကြမ်းဖက်ဆူပူမှု (Riot)များ ဖြစ်ပွားနိုင်သည်ဟု ယုံကြည်ယူဆရသော မြို့နယ် ၁၄၆ မြို့နယ်၌ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်းကို ဖေဖော်ဝါရီလ ၈ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ သို့သော် NLD ပါတီဝင်များနှင့် ၎င်းပါတီကို ထောက်ခံသူများအနေဖြင့် ဆန္ဒပြနေမှုများကို အရှိန်မြှင့်တင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်လိုသောအပြုအမူများ ကျူးလွန်ခြင်း၊ ရန်စခြင်းများပြုလုပ်၍ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းပေါ်သို့ တွန်းတင်လျက်ရှိသည်။ နေပြည်တော်၊ သပြေကုန်းအဝိုင်းဖြစ်စေ၊ မန္တလေးမြို့၊ ၇၆ x ၇၈ လမ်းကြား၊ ၃၈ လမ်းဖြစ်စေ၊ ၇၈ x ၇၉ လမ်းကြား၊ ၃၄ လမ်းအနီး ရထားသံလမ်းဖြစ်စေ၊ ဂေါဝန်ဆိပ်ကမ်းဖြစ်စေ၊ မော်လမြိုင်မြို့၊ ဈေးချိုရပ်ကွက်ဖြစ်စေတို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ရန်စခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းတို့ဖြင့် အကြမ်းဖက်ဆူပူမှု (Riot) သို့ ဦးတည်ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရသည်။

၄။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းကဲ့သို့ အကြမ်းဖက်ဆူပူမှုများအား ထိန်းသိမ်းနိုင်ရေး "အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်"ဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကြောင့် ဆူပူဆန္ဒပြမှုအများစုမှာ လူစုကွဲခြင်း၊ ၎င်းတို့၏ ရည်မှန်းချက်မအောင်မြင်ခြင်းများ ဖြစ်ခဲ့သော်လည်း အချို့နေရာများတွင်မူ ရပ်ကွက်၊ မြို့ရွာအတွင်းရှိ ယခင်ရာဇဝတ်မှုများဖြင့် ကျော်ဇောသတင်းရှိသူများ၊ ပြစ်မှုကျူးလွန်ခဲ့သူများ၊ လူဆိုး၊ လူမိုက်ဂိုဏ်းပုံစံဖွဲ့၍ လုပ်ဆောင်နေသူများကို အသုံးချ၍ ဂျင်ကလိ၊ သံကုံးသီး၊

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❐



# ရန်ကုန်မြစ်အတွင်း ဆီးနှင်းထူထပ်စွာကျချိန် မြင်ကွင်းမရှင်းပါက စက်တပ်သမ္ဗန်များ ကမ်းမှမထွက်ခွာကြရန် အသိပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြစ်အတွင်း၌ စက်တပ်သမ္ဗန်များစွာဖြင့် ခရီးသွားမိဘပြည်သူများစွာတို့အား ဒလဘက်ကမ်းမှတစ်ဆင့် စီးပွားရေးမြို့တော် ရန်ကုန်မြို့ဘက်ကမ်းသို့ နေ့စဉ် ကူးတို့ပြေးဆွဲ ပို့ဆောင်ပေးလျက်ရှိသော စက်တပ်သမ္ဗန် (ကူးတို့ဆိပ်) များအားလုံး၌ ဆောင်းရာသီကာလအတွင်း ဖြစ်ပေါ်တတ်သော ဆီးနှင်းများ ထူထပ်စွာကျဆင်းချိန် မြစ်အတွင်း မြင်ကွင်းများ ရှင်းလင်းကောင်းမွန်မှုမရှိပါက ရေယာဉ်များ ကူးတို့ဆိပ်ကမ်းမှ မောင်းနှင်ထွက်ခွာခြင်း မပြုလုပ်ကြစေရေးနှင့် ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ယနေ့ နံနက်ပိုင်းက မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒလမြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်တို့တွင် အသိပေးစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

"နှင်းကျချိန်ကာလဖြစ်တဲ့အတွက် ဆီးနှင်းကျချိန် မြင်ကွင်းမရှင်းရင် မထွက်ဖို့နဲ့ ရေယာဉ်အန္တရာယ်ကင်းရှင်းဖို့အတွက် သမ္ဗန်တွေပေါ်မှာ ထားရှိရမယ့်ပစ္စည်းတွေ ပြည့်စုံမှု ရှိ၊ မရှိကို စစ်ဆေးတာဖြစ်ပါတယ်။ သမ္ဗန်ရေယာဉ်တွေမှာ အရေးပေါ်အတွက် အသက်ကယ်အင်္ကျီ၊ ဝီစီ၊ အချက်ပြအလံ၊ ပို့ပြင့်မီး၊ ကျောက်နဲ့ ကျောက်ကြိုးတွေ၊ လှော်တက် (ခတ်တက်)၊ သမ္ဗန်ကိုယ်ထည်ကြံ့ခိုင်မှုတွေ ပြည့်စုံမှုမရှိတဲ့ သမ္ဗန်တွေကို စစ်ဆေးတွေ့ရှိခဲ့ရင် အရေးယူသွားမှာဖြစ်ပါတယ်။ နံနက်ပိုင်းနဲ့ ညပိုင်း အလုပ်သွား၊ အလုပ်ပြန်ချိန်မှာ ခရီးသည်များတဲ့အတွက် သမ္ဗန်တစ်စင်းမှာ ခရီးသည် ၁၀ ဦးအထိ တင်ဆောင်ထွက်ခွာတယ်။ လူနည်းသွားတဲ့ အချိန်တွေဆို

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

မတူညီတာတွေကို နားလည်ပြီး အတူတူရှေ့ဆက်နိုင်မှ ဒီမိုကရေစီ ...
ဆောင်းပါး စာမျက်နှာ » ၆

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၁၆ မျိုးအား စမ်းသပ်မှုပြုလုပ်ရန် တရုတ်အတည်ပြုပြီးဖြစ်
စာမျက်နှာ » ၁၂

အစ္စရေးနိုင်ငံ၌ ပြည်သူ ၄၉ ရာခိုင်နှုန်းကျော် ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးနောက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ပြန်လည်ဖြေလျှော့
စာမျက်နှာ » ၁၃

ဝန်ထမ်းကောင်းတစ်ဦး ဆိုရာဝယ် . . .
ဆောင်းပါး စာမျက်နှာ » ၁၅

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေး ကျင်းပမည်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေးများကို ၁၃၈၂ ခုနှစ် တပေါင်းလဆန်း (၄၊ ၅၊ ၆၊ ၇ )ရက်(၂၀၂၁ ခုနှစ် မတ်လ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်) အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက် (၂၀၂၁ ခုနှစ် မတ်လ ၂၀ ရက်) စနေနေ့တွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးကိုလည်းကောင်း၊ ၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၉ ရက် (၂၀၂၁ ခုနှစ် မတ်လ ၂၁ ရက်) တနင်္ဂနွေနေ့တွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေးကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်(၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်) တနင်္လာနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ ကြွရောက်တော်မူရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ပန်းတမော့ပညာရပ်များ လက်ဆင့်ကမ်းသင်ယူသူများပြားသော်လည်း ပညာစုံ ကျွမ်းကျင်သူနည်းပါးဟုဆို

**မတ္တရာ  ဖေဖော်ဝါရီ ၂၁**

မြန်မာ့ရိုးရာအမွေအနှစ် ပန်းဆယ်မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပန်းတမော့ပညာရပ်များကို လက်ဆင့်ကမ်းသင်ယူသူများပြားသော်လည်း ပညာစုံကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူနည်းပါးကြောင်း မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာရှိ White Marvel Art ပန်းတမော့လုပ်ငန်းရှင် ဦးစိုးဝင်းက ပြောသည်။



**၃၀၀ ခန့်ရှိ**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ စကျင်ရွာတွင် ရှေးအစဉ်အဆက်ကတည်းက ပန်းတမော့လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြပြီး လက်ရှိတွင် ပန်းတမော့လုပ်ငန်း လုပ်ကိုင်သူ ၃၀၀ ခန့်ရှိကာ စကျင်လုပ်သားမှာ ၃၀၀၀ ခန့်ရှိကြောင်း သိရသည်။

"ပန်းတမော့လုပ်ငန်းကို လက်ဆင့်ကမ်းသင်ယူသူများပေမယ့် ပညာစုံကျွမ်းကျင်တဲ့သူက နည်းတယ်။ ရှေးလူကြီးတွေက ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ စသည်ဖြင့် အကုန်လုပ်နိုင်တယ်။ အခုက ထိုင်တော်မူတစ်ဆူကျွမ်းကျွမ်းကျင်ကျင် ထုနိုင်ပြီဆိုကိုယ့်ဘာသာကိုယ် ထိုင်တော်မူတစ်ခုပဲ ထုဆစ်နေကြတော့တာ။ တခြားတစ်မျိုးလာရင် တခြားဆရာတစ်ယောက်ကို ရှာရတာ"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် စကျင်ရွာ၌ လုပ်ငန်းမှတ်ပုံတင်ရှိသည့် ဆင့်တက်လုပ်ငန်းရှင် ၆၀ ကျော်ရှိကာ စကျင်ကျောက်ထုတ်လုပ်ပြီး ဘုရားဆင်းတုတော်ထုဆစ်သည့် ကျောက်တဲပေါင်း ၃၀၀ ကျော်ရှိကြောင်း၊ အချို့ဒေသခံများမှာ ရန်ကုန်၊ မန္တလေး စသည့် ဒေသများအပြင် တရုတ်နိုင်ငံအထိပါ သွားရောက်လုပ်ကိုင်နေကြကြောင်း သိရသည်။

"ပညာစုံကျွမ်းကျင်တဲ့သူ နည်းပါးနေတာက စားဝတ်နေရေးကြောင့်ပါ။ ဒီလိုနည်းပါးလာတော့ စိတ်မကောင်းဘူး။ သင်ယူသူများပေမယ့် လက်ရာတွေက ရှေးလူကြီးတွေလောက် မတော်တော့ဘူး။ အခုဆို တခြားနေရာတွေမှာ ကျွန်တော်တို့ဒေသခံတွေ သွားလုပ်နေရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**ထုဆစ်**

စကျင်ရွာတွင် အဓိကအနေဖြင့် ဗုဒ္ဓဆင်းတုတော်များကို ထုဆစ်ကြပြီး ကွမ်ရင်မယ်တော်ရုပ်၊ ဦးတီပွားရုပ်စသည့် ကျောက်ဆစ်ရုပ်များ၊ ကျောက်တိုင်၊ ကျောက်ပြားများ၊ အိမ်အလှဆင်ပစ္စည်းများဖြစ်သည့် ဆင်ရုပ်၊ မြင်းရုပ်၊ ရေနွေးအိုး စသည်တို့ကိုလည်း ထုဆစ်ကြကြောင်း သိရသည်။

**မန်းကိုယ်ပွား**

ကြေးမုံ

# ကျင့်ဝတ်နှင့်အညီ ချင့်ချိန်လုပ်ကိုင်

မျက်မှောက်ကာလတွင် တိုင်းပြည်၏ပကတိဖြစ်စဉ်များအား အချိန်နှင့်တစ်ပြေးညီ ဖော်ပြနေကြသည့် တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြသော မီဒီယာများအနေဖြင့် ထိလွယ်ရှလွယ်ဖြစ်နေသော အခြေအနေတွင် ပြဋ္ဌာန်းထားသော သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေတို့အပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အထူးသတိပြုကာ ဆောင်ရွက်ရမည့်အချိန် ဖြစ်ပါသည်။

သတင်းမီဒီယာဆိုင်ရာကျင့်ဝတ်အရ တိကျမှု၊ ဘက်မလိုက်မှုနှင့် မျှတမှုတို့နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ရာ ပကတိဖြစ်စဉ်များကို တိတိကျကျ မျှမျှတတ ဆောင်ရွက်မှသာ ဖြစ်စဉ်အမှန်ကို ခြေခြေမြစ်မြစ်သိရှိပြီး သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ကျင့်ဝတ်တို့ကို မလိုက်နာဘဲ တစ်ဖက်သတ်အမြင် သို့မဟုတ် စိတ်ခံစားချက် သို့မဟုတ် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ကိုင်ကြပါလျှင် ပြဿနာများ ပိုမိုကြီးထွားပြီး ပျက်စီးရာလမ်းကြောင်းသို့ တွန်းပို့ရာရောက်နိုင်ပေသည်။

လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉)၌ လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ရှိသည်။ ထိုအခွင့်အရေးများတွင် နှောင့်ယှက်ဟန့်တားခြင်း တစ်စုံတစ်ရာမရှိဘဲ လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့်နှင့် နယ်နိမိတ်စည်းမျဉ်းများနှင့် မသက်ဆိုင်စေဘဲ မည်သည့်မီဒီယာမှမဆို သတင်းအချက်အလက်များနှင့် စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာရှာဖွေခွင့်၊ လက်ခံရယူခွင့်၊ တစ်ဆင့်ပြောင်းလဲခွင့်တို့ ပါဝင်သည်ဟု ဆိုထားသည်။

သို့ရာတွင် သတင်းမီဒီယာကျင့်ဝတ်နိဒါန်း၌ ထိုအခွင့်အရေးမှာ လွတ်လပ်စွာ ပြောကြားခွင့်တစ်ခုတည်းမဟုတ်ဘဲ လက်ခံနားထောင်သူ၏ အခွင့်အရေးများနှင့် အချို့သောတာဝန်ယူမှုများကိုလည်း ထည့်သွင်းသတ်မှတ်ထားသည်။ တာဝန်မဲ့သော၊ ကျင့်ဝတ်နှင့်မညီသော လုပ်ကိုင်ဆောင်ရွက်မှုများသည် မီဒီယာလွတ်လပ်ခွင့်ကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သည်။ ထို့ကြောင့် မီဒီယာများသည် အမြင့်ဆုံးသော ပရော်ဖက်ရှင်နယ် ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းလိုက်နာရန် လိုအပ်သည်ဟု ဆိုထားသည်။

ဒီမိုကရေစီနှင့်ပတ်သက်၍ ဒီမိုကရေစီဆိုသည်မှာ သဘောတူညီခြင်းများအကြောင်းသက်သက်မဟုတ်ပါ။ အငြင်းပွားမှုများကို ကျွန်ုပ်တို့ မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းကြသည်ဆိုသော အချက်ကသာ ဒီမိုကရေစီ ဖြစ်သည်။ ထို့အပြင် ဒီမိုကရေစီဆိုသည်မှာ အများဆန္ဒအရ အုပ်ချုပ်ခြင်းဆိုသည့် အယူအဆသက်သက်လည်း မဟုတ်ပြန်ချေ။ ရွေးကောက်ပွဲနည်းအားဖြင့် ထုတ်ဖော်သော အများဆန္ဒအရ အုပ်ချုပ်ခြင်းဆိုသည်မှာ ဒီမိုကရေစီ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။

အများပြည်သူ ဆွေးနွေးငြင်းခုံခြင်းဆိုသော နောက်ခံကားတွင် မတူညီသော အမြင်အမျိုးမျိုးကို သင့်တင့်လျောက်ပတ်စွာ မျှမျှတတ ဖော်ပြခြင်း၊ လူနည်းစုများ၏ ရပ်တည်ချက်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ခြင်း စသည်တို့မှာ ဤမီဒီယာကျင့်ဝတ်လမ်းညွှန်သည် ဒီမိုကရေစီ ဗဟုဝါဒကို ထင်ဟပ်ပြီး ထိုဗဟုဝါဒရှင်သန်ရေးတွင် မီဒီယာများ ထမ်းရွက်ရသည့်အခန်းကဏ္ဍကိုလည်း မီးမောင်းထိုးပေးရန်ရည်ရွယ်သည်ဟု ဆိုထားသည်။ လက်တွေ့အချို့အခြေအနေတွင် မီဒီယာကျင့်ဝတ်နှင့် စံနှုန်းများနှင့် မညီညွတ်သည်ကို တွေ့ရသည်။ ခံစားချက်၊ ကိုယ်ပိုင်မူဝါဒများနှင့် လုပ်ကိုင်ဆောင်ရွက်ပါက ကျင့်ဝတ်လိုက်နာမှုအပိုင်း၌ အားနည်းနေမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပေါ်ပေါက်နေသော ပဋိပက္ခများကို ထုတ်ဖော်အသိပေးကြရာတွင် တိုက်ရိုက်ဖြစ်ပေါ်နေမှု နှစ်ဖက်အမြင်သာမက ကြားမှရှုမြင်သူတို့၏ အမြင်အားလုံးကိုပါ မျှမျှတတမျှဝေပေးနိုင်မှသာလျှင် မီဒီယာကျင့်ဝတ်၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမည်ဖြစ်သည်။ ပရော်ဖက်ရှင်နယ်ပီသသော မီဒီယာသမားစစ်စစ် ဖြစ်ပေလိမ့်မည်။ လက်ရှိပကတိ ဖြစ်ပေါ်နေသောအခြေအနေကို ရှုထောင့်ပေါင်းစုံမှ မျှတစွာရှုမြင်နိုင်အောင် ဆောင်ကြဉ်းပေးပါကလည်း မီဒီယာများတွင် အခက်အခဲများ ကြုံတွေ့နိုင်ပေသည်။ မိမိမီဒီယာ၏ အကျိုးစီးပွားကိုသာ ရှေးရှုမည်ဆိုပါက မျှတမှုလည်းဖြစ်လာလိမ့်မည်မဟုတ်ပေ။

သို့ဖြစ်ရာ လက်ရှိအချိန်အခါတွင် တိုင်းပြည်နှင့် နိုင်ငံသားများအတွက် အရေးကြီးသော အချိန်အခါဖြစ်၍ တိုင်းပြည်ထိခိုက်ပျက်စီးမှု၊ နိုင်ငံသူ နိုင်ငံသားများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန် ဖြစ်စဉ်အမှန်များကို ရယူဖော်ထုတ်ကြရာတွင် သတင်းမီဒီယာစံချိန်စံညွှန်းကျင့်ဝတ်များနှင့်အညီ ချင့်ချိန်၍ အတတ်နိုင်ဆုံး မျှတအောင် လုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း။ ။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | **ဓာတ်ပုံသတင်းထောက်** | - | ဦးခင်မောင်ဝင်း |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **ဘာသာပြန်** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော် | **ဒီဇိုင်း** | | |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်

**အဓိကအားဖြင့် COVID-19 ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ရပ်ဆိုင်းထား၍မရကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှု စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးရမည့် လုပ်ငန်းတာဝန်ကို မထမ်းဆောင်မှုများသည် ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများခံယူရာတွင် ပြင်ပ ဆေးရုံ၊ ဆေးခန်းများ၌ ငွေကြေးအကုန်အကျများစွာဖြင့် ကုသမှုခံယူရသောကြောင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့်အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့အသက်သည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးနှင့်စပ်လျဉ်းပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပြုထားကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၈၂ /၂၀၂၁**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

**မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဇော်လင်းထွန်း | ဥက္ကဋ္ဌ |
| ( ခ ) | နိုင်လယိတမ (ခ) နိုင်ခင်မောင်ဇင် | အဖွဲ့ဝင် |

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**❒ ရှေ့ဖုံးမှ**

ခတတ်ဆီပုလင်း၊ တုတ်၊ ဓား၊ လှံကဲ့သို့သော လူ့အသက်အန္တရာယ်ကို ထိခိုက်စေသည့် လက်နက်များကိုပါ အသုံးချ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်လာစေရေး ရန်ပြုဆောင်ရွက်ခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်မှုကြောင့် ဆန္ဒပြသူများ ထိခိုက်သေဆုံးခြင်းဖြစ်လာစေရန်နှင့် အကြမ်းဖက်ဆူပူမှု (Riot)မှ မင်းမဲ့စရိုက်ဆန်သော လူအုပ်စု(Anarchy Mob) အသွင်ဖြစ်လာစေရေး ဦးတည်ဆောင်ရွက်လာကြောင်း တွေ့ရှိရပါသည်။

၅။ ဖေဖော်ဝါရီလ ၂၂ရက်နေ့တွင်လည်း ဆန္ဒပြမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ၎င်းမှတစ်ဆင့် အကြမ်းဖက်ဆူပူမှု (Riot) ဖြစ်ပေါ်လာစေရေး၊ ၎င်းမှသည် မင်းမဲ့စရိုက်ဆန်သော လူအုပ်စု (Anarchy Mob) အသွင်ဖြစ်ပေါ်လာစေရေးတို့ကို ဆက်တိုက်လှုံ့ဆော်လျက်ရှိသည်ကို တွေ့ရသည်။ လှုံ့ဆော်သူများအနေဖြင့် နောက်ကွယ်မှနေ၍ ပြည်သူလူထုကို ထိပ်တိုက်ရင်ဆိုင်ရေး လမ်းကြောင်းပေါ်သို့ မရောက်ရောက်အောင် တွန်းပို့၍ စိတ်လှုပ်ရှားခံစားလွယ်သော လူငယ်လူရွယ်များကို ထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်လာအောင် လှုံ့ဆော်ဆောင်ရွက်လျက်ရှိသည်။

၆။ ၎င်းကဲ့သို့ မင်းမဲ့စရိုက်ဆန်ဆန် ဆူပူလှုံ့ဆော်မှုများ၊ ရာဇဝတ်မှုများဖြင့် ကျော်ဇောသတင်းရှိသူများ၊ လူဆိုးလူမိုက်ဂိုဏ်းပုံစံဖွဲ့၍ ဆောင်ရွက်မှုများ၏ အသုံးချခံများမဖြစ်စေရေး လူငယ်လူရွယ်များအနေဖြင့် သတိရှိကြပါရန်နှင့် မိဘပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းခြင်းဖြင့် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုကြပါရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## စာပေမြင့်မှ လူမျိုးတင့်မည်

**✳ ကျောဖုံးမှ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။

အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ဖြစ်စေသည့် တရားဥပဒေနှင့်မညီညွတ်သော ဆန္ဒပြမှုများကို ရင်ဆိုင်နေရသော်လည်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ပြည်တွင်းဥပဒေများနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူတို့အား လုံခြုံမှုရှိစေရန်နှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်အလို့ငှာ နှောင့်ယှက်မှုများအား အနည်းဆုံးအင်အားသုံး၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးအချို့နှင့် ပြည်ပနိုင်ငံများက ထုတ်ပြန်ခဲ့သည့် ကြေညာချက်နှင့် ဖော်ပြချက်အချို့တို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ခြင်းဟု နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ရှုမြင်သည်။

သံတမန်ဆက်ဆံရေးဆိုင်ရာ ၁၉၆၁ ခုနှစ် ဗီယင်နာကွန်ဗင်းရှင်း၊ အပိုဒ် ၄၁ တွင် သံတမန်များသည် နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်ဘဲ လက်ခံသည့်နိုင်ငံ၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားရန် ဖော်ပြထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများအနေဖြင့် ဗီယင်နာကွန်ဗင်းရှင်းနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတို့တွင် ပြဋ္ဌာန်းထားသည့် နိုင်ငံအများက လက်ခံကျင့်သုံးလျက်ရှိသော မူဝါဒများနှင့် စံနှုန်းများကို တိကျစွာလိုက်နာသင့်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်**

**✳ မြန်မာတို့မှ**

ပလ္လင်များ၊ မြန်မာနိုင်ငံ အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများ၏ ဘုရားပလ္လင်တော်နှင့် ဂန္ဓကုဋိတိုက်များ၊ ရှေ့မြန်မာဘုရင်များ၏ နန်းတော်များ၊ သာသနိက အဆောက်အအုံများ၌ တွေ့မြင်ကြရမည်။ ၎င်းပညာရပ်သည် အနုစိတ်ပြီး ပညာသားပါသော ပညာရပ်တစ်ခုဖြစ်သည်။ ကနုတ်များ၊ ပန်းများ မွမ်းမံခြယ်သရာတွင် လက်ရာမြောက်ပါက ပန်းချီကားတစ်ချပ်ကဲ့သို့ လှပသေသပ်ပြီး ရှုချင်စဖွယ်ကောင်းသောပညာရပ်ဖြစ်သည်။

ပန်းတော့ လက်မှုအတတ်ပညာဖြင့် ပြုလုပ်ထားသော ခြူးပန်းခြူးနွယ်များ၊ ဂဠုန်၊ နဂါး၊ ခြသေ့်၊ ဆင် အစရှိသော အရုပ်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ရှုချင်စဖွယ် မွမ်းမံတန်ဆာဆင်ထားကြသည်။ ပန်းတော့လုပ်ငန်းသည် မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းများထဲတွင် မြတ်နိုးတန်ဖိုးထားစရာ လက်မှုလုပ်ငန်းဖြစ်သည့်အတွက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပြီး ပန်းတော့လက်မှုပညာနည်းတူ အခြားပန်းချီ၊ ပန်းပုစသော မြန်မာ့ရိုးရာသုခုမ လက်မှုအနုပညာများစွာတို့ကိုလည်း ထိန်းသိမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ **ဇေယျာထက်(မင်းဘူး)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးတို့အား ဖူးမြော်ကြည်ညို၊ ဆရာတော်ကြီးများ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထား

**မန္တလေး ဖေဖော်ဝါရီ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၄ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်နေမှုကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ကျင်ဂနိုင်ရွာ ဖားအောက်တောရတပ်ဦး ဓမ္မရိပ်သာကျောင်းသို့ ရောက်ရှိပြီး ဖားအောက်တောရဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအာစိဏ္ဏ၏ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်သည်။(ယာပုံ)





### မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)သို့ ရောက်ရှိရာ အစည်းအဝေးခန်းမတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံ၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) အနေဖြင့် ချမှတ်ထားသောမူဝါဒနှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖော်ထုတ်မြှင့်တင်နိုင်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို တိုင်းရင်းသားရိုးရာအကနှင့် တိုင်းရင်းသား ရိုးရာဂီတ ဘာသာရပ်များကိုထည့်သွင်း သင်ကြားနိုင်ရေး ဆောင်ရွက်သွားရန်၊ သင်ကြားရာတွင် သင်ရိုးညွှန်းတမ်းများကို စနစ်တကျရေးဆွဲ၍ သင်ကြားနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးမှူးရုံး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အနုပညာဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့မှတာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံ့ဝန်ထမ်းအချို့သည် မသမာသူအချို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် မိမိတို့၏လုပ်ငန်းခွင် တာဝန်များတွင် ပျက်ကွက်နေကြပါကြောင်း၊ လုပ်ငန်းခွင်နှင့် ကင်းကွာနေသည့် နိုင်ငံ့ဝန်ထမ်းများ မိမိတို့၏ လုပ်ငန်းခွင်များသို့ အမြန်ဆုံးဝင်ရောက်လာကြရန် တာဝန်ရှိသူများက ဆက်လက် အသိပေးသွားကြရန် မှာကြားသည်။

### လျှောက်ထား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ လေးကျွန်းမာန်အောင် သာမဏေကျော်ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော်ဘဒ္ဒန္တဝိသုတအရှင်သူမြတ်ထံ ထာဝရပစ္စည်းလေးပါးဆွမ်းပဒေသာပင်ငွေကျပ်သိန်း ၅၀ စိုက်ထူ ရေစက်သွန်းလောင်းလှူဒါန်းသည်။ ပြည်ထောင်စုဝန်ကြီးက ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သာသနာတော်မြတ်ကြီးကို တိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဗုဒ္ဓသာသနာတော်ကို ညှိုးနွမ်းမှေးမှိန်အောင် ဖျက်ဆီးလိုသူများ၏ရန်မှလည်း ကာကွယ်ရန်အတွက် ဆရာတော်၊ သံဃာတော်များနှင့် တစ်စိတ်တစ်ဝမ်းတည်းရှိသည်ကို လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှင်မတောင်ဒေသထွက် သနပ်ခါးများ အပင်လိုက်ရောင်းချမှု ပိုမိုတွင်ကျယ်လာ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးပင်များ၊ မြိုင်ဒေသထွက် သနပ်ခါးပင်များ ပခုက္ကူဈေးကွက်သို့ လာရောက်ရောင်းချကြရာ ဈေးနှုန်းကြီးမြင့်မှုမရှိဘဲ အပင်လိုက် ရောင်းချမှု များလာကြောင်း ပခုက္ကူမြို့မဈေးကြီး အနောက်ဘက် ဦးမေဃကျောင်းဝင်း ဇရပ်တွင် ရောင်းချနေသည့် သနပ်ခါးပင် ရောင်းဝယ်သူများထံမှ သိရသည်။

သနပ်ခါးပင် အရောင်းအဝယ်ပြုလုပ်နေသည့် ဦးမေဃကျောင်းဝင်းဇရပ်ရှိ သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းချနေသည့် ဈေးသည် ၁၀၀ ခန့်ရှိပြီး သနပ်ခါးရောင်းဝယ်ကြရာတွင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးပင်များ၊ မြိုင်မြို့နယ် ကန်နီရွာ၊ ပေါက်မြို့နယ်ထွက်သနပ်ခါးပင်များသည် အရည်အသွေးကောင်းမွန်ပြီး အသွေးခံခြင်း၊ လိမ်းခြယ်ရာတွင် မွှေးရနံ့ကြိုင်လှိုင်သင်းပျံ့ခြင်းတို့ကြောင့် မြန်မာပြည်အရပ်ရပ်တွင် နာမည်ကြီးနေသော ဒေသသနပ်ခါးများ ဖြစ်ကြကြောင်း သနပ်ခါးရောင်းဝယ်သူ ဦးသိန်းလွင်ဦးက ပြောသည်။

ဦးမေဃကျောင်းဝင်းထဲတွင် သနပ်ခါး ရောင်းချနေသည့် သနပ်ခါးရောင်းဝယ်ရေးဈေးသည်များသည် ၁၀ နှစ်အထက် သနပ်ခါးပင်များကိုသာ ရောင်းချနေကြကြောင်း သနပ်ခါးဈေးတန်းမှာလည်း နာမည်ရလာသည့် သနပ်ခါးဈေးတန်းဖြစ်ကာ လက်လီ၊ လက်ကား အာမခံဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချနေကြသည်။ သနပ်ခါးပင်များကို အရှည်တစ်ပေခွဲ ဖြတ်ရောင်းချခြင်း၊ ဝယ်ယူသူက ဖြတ်ခိုင်းမှသာ ဖြတ်ပေးကြကြောင်း၊ အရှည်တစ်ပေခွဲ သနပ်ခါးတုံးများ ယခင်က ငွေကျပ် ၇၀၀၀ ဖြင့် ရောင်းချခဲ့ရရာမှ ယခုကာလတွင် ငွေကျပ် ၁၅၀၀ မှ ၂၅၀၀ ဖြင့်သာ ရောင်းချနေရကြောင်း သနပ်ခါးတုံးအတုတ်၊ အပွေးပါရှိမှုပေါ်မူတည်ကာ ဈေးအနည်းငယ်သာ ကွာသွားကြောင်း သနပ်ခါးတုံးများ ရောင်းချသူ ဒေါ်စိုးဝေက ပြောသည်။



ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်ထွက် သနပ်ခါးများသည် အပွေး(အခေါက်)ထူပြီး ဝယ်ယူသူ စိတ်ကြိုက်ဖြစ်ကာ အချို့ စိုက်ပျိုးရေးသနပ်ခါးများသည် နှစ်နှစ်၊ သုံးနှစ်ဖြင့် ရောင်းတန်းဝင် ခုတ်ယူရောင်းချလာခဲ့ကြရာ အပွေးထူ၊ အပင်လှသော်လည်း လိမ်းခြယ်ရာတွင် မွှေးရနံ့မပါခြင်းများကြောင့် သနပ်ခါးဝယ်ယူသူများ စိစစ်ရွေးချယ်ဝယ်ယူလာကြကြောင်း သိရသည်။

သနပ်ခါးပင် အတုတ်လေးလက်မခွဲ ပတ်လည်၊ အရှည် ငါးပေခွဲ ခြောက်ပေ အပင်တစ်ပင်လျှင် ငွေကျပ် ၁၀၀၀၀မှ ၁၂၀၀၀ ဈေးနှုန်းဖြင့် အပင်လိုက်ရောင်းချမှု များလာကာ ကိုဗစ်-၁၉ ရောဂါကာလအလွန် သနပ်ခါးဈေးကွက် ပြန်လည်ကောင်းမွန်ရန် မျှော်လင့်ကြောင်း သနပ်ခါးပွဲစားများထံမှ သိရသည်။ **ဝတီ**



မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။



# ဒလမြို့နယ်ရှိ မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးအား လာရောက်ဖူးမြော်နိုင်

**ရန်ကုန်  ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးအား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ထားပြီဖြစ်၍ ပြည်သူအများ လာရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်း အသိပေး နှိုးဆော်စာအား ဘုရားကြီး၏ မုခ်ဦးအဝင်တွင် အသိပေးထားသည်ကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့မြင်ခဲ့ရသည်။

**တစ်ဆူအပါအဝင်ဖြစ်**

မျက်ရှင်တော်ဆုတောင်းပြည့်မဟာသကြိန်ဘုရားကြီးသည် ဒလမြို့နယ် ညောင်ကုန်းရပ်ကွက်တွင် တည်ထားကိုးကွယ်ထားခြင်းဖြစ်ပြီး ဒလမြို့နယ်အတွင်းရှိ သမိုင်းဝင်စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်များတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး ထုထည်ကြီးမားသော ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီးလည်း ဖြစ်သည်။ ထို့အပြင် ဒလမြို့နယ်လုံးဆိုင်ရာ ကျက်သရေဆောင် ဘုရားတစ်ဆူလည်းဖြစ်ကာ ဗုဒ္ဓပူဇနီယပွဲတော် အကြိမ်(၁၀၀)ကျော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

**တည်ထားပူဇော်ခဲ့ကြ**

ဒလမြို့၏ကျက်သရေဆောင် မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးအား ဒလမြို့နယ်နေပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ထားပူဇော်ခဲ့ကြခြင်းဖြစ်ပြီး ကောဇာသက္ကရာဇ် ၁၂၈၇ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်နေ့တွင် ပန္နက်တော်တင်မင်္ဂလာပြုလုပ်ကာ စတင်တည်ထားခဲ့ပြီး ကောဇာသက္ကရာဇ် ၁၂၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့တွင် အပြီးတိုင်ရောက်ခဲ့သည်။

ဘုရားကြီး၏ ဉာဏ်တော်မှာ ပေ ၃၀ ၆ လက်မ ရှိပြီး ဒလမြို့နယ်အတွင်းရှိထုထည်ကြီးမားသော ဗုဒ္ဓရုပ်ပွားတော်များတွင် တစ်ဆူအပါအဝင်လည်းဖြစ်ကြောင်း သိရသည်။

မင်းရဲမာန်

❖

# ဝန်ထမ်းများအတွက် နှိုးဆော်ချက်

**နေပြည်တော်  ဖေဖော်ဝါရီ ၂၁**

ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက် ၉ နာရီခွဲ၌ CDM လှုပ်ရှားမှုတွင် ပါဝင်နေကြသည့် ဝန်ထမ်းများအပါအဝင် နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိစွာတာဝန်ထမ်းဆောင်လျက်ရှိသော အစိုးရဝန်ထမ်းများအားလုံး မိမိတို့၏လုပ်ငန်းခွင်များ၌ တာဝန်များကို မပျက်မကွက် ထမ်းဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့်သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာစည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

# ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၁-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၀-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၈၃,၂၄၉)အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၅၀)ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၃) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၂၈၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်(mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၇၀၈၃၉၅ | ၁၈၈၉၉၃၉၈ | ၅၀၉၉၁၆ |
| ၂။ | အိန္ဒိယ | ၁၀၉၉၆၆၃၆ | ၁၀၆၉၃၂၆၅ | ၁၅၆၃၆၅ |
| ၃။ | ဘရာဇီး | ၁၀၁၃၉၁၄၈ | ၉၀၆၇၉၃၉ | ၂၄၆၀၀၆ |
| ၄။ | ရုရှား | ၄၁၆၄၇၂၆ | ၃၇၁၃၄၄၅ | ၈၃၂၉၃ |
| ၅။ | ဗြိတိန် | ၄၁၀၅၆၇၅ | ၂၃၃၁၀၀၁ | ၁၂၀၃၆၅ |
| ၆။ | ပြင်သစ် | ၃၅၈၃၁၃၅ | ၂၄၇၁၂၇ | ၈၄၁၄၇ |
| ၇။ | စပိန် | ၃၁၃၃၁၂၂ | ၂၄၉၇၉၅၆ | ၆၇၁၀၁ |
| ၈။ | အီတလီ | ၂၇၉၅၇၉၆ | ၂၃၁၅၆၈၇ | ၉၅၄၈၆ |
| ၉။ | တူရကီ | ၂၆၃၁၈၇၆ | ၂၅၁၈၇၅၈ | ၂၇၉၈၃ |
| ၁၀။ | ဂျာမနီ | ၂၃၉၀၀၉၀ | ၂၁၉၀၆၀၀ | ၆၈၃၆၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၇၈၆၅၃ | ၁၀၈၇၀၇၆ | ၃၄၄၈၉ |
| ၂။ | ဖိလစ်ပိုင် | ၅၆၁၁၆၉ | ၅၂၂၈၄၃ | ၁၂၀၈၈ |
| ၃။ | မလေးရှား | ၂၈၃၅၆၉ | ၂၄၉၂၀၉ | ၁၀၅၆ |
| ၄။ | မြန်မာ | ၁၄၁၇၅၀ | ၁၃၁၂၈၂ | ၃၁၉၆ |
| ၅။ | စင်ကာပူ | ၅၉၈၆၉ | ၅၉၇၃၁ | ၂၉ |
| ၆။ | ထိုင်း | ၂၅၄၁၅ | ၂၄၂၈၅ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၃၈၃ | ၁၇၀၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၅၃၃ | ၄၇၃ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

# မတူညီတာတွေကို နားလည်ပြီး အတူတူရှေ့ဆက်နိုင်မှ ဒီမိုကရေစီ ...

**သူ့ခံယူချက်နဲ့သူ အမျိုးသမီးတစ်ယောက် ရုံးလာတက်တာကို အများသူငါမြင်ကွင်းရှေ့မှာ အရှက်တကွဲ အကျိုးနည်းအောင်ပြုမူခြင်းက ဒီမိုကရေစီနည်းလမ်းကျပါရဲ့လား။ လူမှုရေးရှုထောင့်အရရော မှန်ကန်မှုတပါရဲ့လား။ ကျွန်တော်ကတော့ ဒီရက်ပိုင်းမှာ အတော်လေး (Brain Storming) ဦးနှောက်မုန်တိုင်းဆင်မိတယ်။ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံး လိုလားတဲ့ ဒီမိုကရေစီဆိုတာကို အပြန်ပြန်အလှန်လှန် ဆန်းစစ်နေမိပါတယ်။**

မင်းပြည့်စုံ

ဒီရက်ပိုင်းမှာ လက်ရှိအခြေအနေအပေါ် လက်သင့်မခံ၊ ကောင်းကျိုးဆောင်ရွက်နေတာတွေကို လျစ်လျူရှုပြီး ကန့်ကွက်ဆန့်ကျင်ပါတယ်ဆိုတဲ့ ဆန္ဒတွေကို ပုံစံအမျိုးမျိုးနဲ့ ထုတ်ဖော်နေကြပါတယ်။ အဲဒီအထဲမှာ ရုံးမတက်နဲ့ ရုန်းထွက်ဆိုတဲ့ ကြွေးကြော်သံတွေနဲ့အတူ ဝန်ထမ်းအချို့ အလုပ်မဆင်းကြတာရှိပါတယ်။ အချို့ဝန်ထမ်းတွေက နိုင်ငံ့ဝန်ထမ်း လစာ၊ ခံစားခွင့်တွေထက် ပိုမိုမြင့်မားတဲ့ အလုပ်အကိုင်တွေရနိုင်ကြတယ်၊ အချို့က မိဘ လက်ငုတ်လက်ရင်း အလုပ်အကိုင်ရှိတယ်၊ မူလကတည်းက ငွေကြေးအတွက်၊ မိသားစုအတွက် ကြောင့်ကြကင်းကြသူတွေမို့ အလုပ်မဆင်းဘဲနေနိုင်ကြတာ ဖြစ်ကောင်းဖြစ်မယ်ဆိုပြီး တွေးမိခဲ့ပါတယ်။

သို့သော် မိသားစုဝင်ငွေကို အလုပ်ကရလာတဲ့ လစာတွေနဲ့ တစ်လပြီးတစ်လ ဖြေရှင်းရုန်းကန်နေကြရသူတွေ၊ ဝန်ထမ်းတွေကို မှီခိုနေကြရတဲ့ သက်ကြီးမိဘဆွေမျိုးနဲ့ လူမမယ်ကလေးတွေရှိတဲ့ မိသားစုဝင်တွေအတွက် ဒါမှမဟုတ် နိုင်ငံရေးခံယူချက် မတူညီတဲ့အတွက် ဒါမှမဟုတ် ဝန်ထမ်းကျင့်ဝတ်နဲ့အညီ ကိုယ့်အလုပ်ကိုယ်လုပ်တာလို့ ခံယူတဲ့အတွက် ရုံးတက်နေကြရတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်းတွေက အများကြီးရှိပါတယ်။ အဲဒီလို မဖြစ်မနေ အကြောင်းအမျိုးမျိုးနဲ့ ရုံးတက်နေကြသူတွေကို အတင်းအကျပ် အလုပ်မဆင်းခိုင်းတာတွေ၊ အလုပ်မဆင်းနိုင်အောင် ပိတ်ပင်တားဆီးနေကြတာတွေကိုတော့ လုံးဝလက်သင့်မခံနိုင်တဲ့ကိစ္စ၊ လူ့အခွင့်အရေးကို ချိုးဖောက်တဲ့ကိစ္စရပ်လို့ ထင်မြင်မိပါတယ်။

အထက်က ကိစ္စတစ်ရပ်မှာ ဖြစ်စဉ်အမှန်က ကုမ္ပဏီဝန်ထမ်း အမျိုးသမီးလေးတစ်ဦး ဘတ်စ်ကားစီးပြီး ရုံးကိုသွားတဲ့ကိစ္စ၊ လမ်းပိတ်လည်း အလုပ်သွားရမယ်ဆိုပြီး ဖုန်းပြောနေသံကိုကြားတဲ့အခါ ဝိုင်းဝန်းဆဲဆိုကြ၊ ဓာတ်ပုံတွေရိုက်ကြ လုပ်ကြပါတယ်။ လူအုပ်စုနဲ့ အနိုင်ကျင့်ခံရတဲ့ အမျိုးသမီးဟာ သူ့ကိုဓာတ်ပုံလာရိုက်တဲ့သူရဲ့ ဖုန်းကိုရိုက်ချတယ်။ ခြေထောက်နဲ့ ကန်တဲ့သူကို ဖုန်းနဲ့ထပ်ရိုက်တယ်။ ရန်ရှာသူတွေထဲက တစ်ယောက်ကို သူဆွဲပြီး လုံးပစ်လိုက်တယ်။ နောက်ဆုံး ကိုယ်ထိလက်ရောက်ဖြစ်ကြရတဲ့အချိန် သူ့မှာပါလာတဲ့ ခဲတံချွန်ဓားကိုထုတ်ပြီး တုံ့ပြန်တယ်။ သူ့ဖုန်းက ကားပေါ်ပါသွားလို့ အငှားကားနဲ့ရအောင်လိုက်တယ်။ ဖုန်းကိုသိမ်းထားတယ်ဆိုပြီး လှောင်ပြောင်သူတွေ၊ ကားတံခါးမဖွင့်ပေးတဲ့သူတွေကို မကြောက်နိုင်ဘဲ ကားရှေ့မှာပိတ်ရပ်နေခဲ့တယ်။ ခရီးသည်တစ်ယောက်က မနေနိုင်တဲ့အတွက် သူ့ဖုန်းကိုယူပြီး ပေးလိုက်တယ်။

ခံစားချက်နဲ့ဖွဲ့စည်းထားတဲ့ လူတစ်ဦးချင်းဆီမှာ ကိုယ်ပိုင်ခံစားချက်၊ ကိုယ်ပိုင်အတွေးအခေါ်နဲ့ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီးသားပါ။ လူမှုကွန်ရက်မှာ သူ့ဗီဒီယိုပျံ့နှံ့လာပြီး ဖိအားပေးတဲ့ အချက်တွေကြောင့် တာဝန်ထမ်းဆောင်ဖို့သွားနေတဲ့ အမျိုးသမီးဟာ အလုပ်ကနေ ရပ်စဲခံလိုက်ရတယ်။ ဒီလောက်နဲ့မပြီးသေးဘူး သူ့ရဲ့ညစ်ညမ်းဗီဒီယိုဆိုပြီး မဟုတ်တဲ့ဗီဒီယိုတွေ ပျံ့နှံ့လာတယ်။ လူအုပ်စုတွေရဲ့အမုန်းပွားမှုတွေခံရတယ်။

ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အလုပ်အပေါ် တာဝန်ကျေပွန်တဲ့ ခမ္မနဲ့ ကိုယ်နဲ့မတူ ကိုယ့်ရန်သူသဘောပိုက်ပြီး အုပ်စုဖွဲ့အနိုင်ကျင့်တဲ့ အခမ္မတို့ ထိပ်တိုက်တွေ့တဲ့ဖြစ်စဉ်ကို နားလည်ပြီး အားပေးကူညီသူတွေလည်း ရှိပါတယ်။ အမျိုးသမီးလေး အလုပ်အသစ်ရှာချိန်မှာ အခက်အခဲမရှိစေဖို့ တပ်မတော်ကိုချစ်ခင်လေးစားသူတွေနဲ့ မတရားမှုကို သတ္တိရှိရှိနဲ့တွန်းလှန်တဲ့အတွက် ဂုဏ်ပြုလိုသူတွေက ထောက်ပံ့ငွေတွေ ချီးမြှင့်ကြတယ်။ အမှန်တရားအတွက်၊ ကိုယ့်ရပ်တည်မှုအတွက် သူ့လိုမျိုး ပြန်လည်မချေပရဲသူတွေ၊ မတုံ့ပြန်ရဲဘဲ စော်ကားခံရတဲ့၊ အနိုင်ကျင့်ပြုမူခံရတဲ့ တာဝန်ကျေပွန်တဲ့ ဝန်ထမ်းတွေ အများကြီးရှိနေနိုင်ပါတယ်။ သူတို့အားလုံးအတွက် စိတ်ပူမိပါတယ်။

ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် ထမ်းဆောင်နေရင်းနဲ့ အရှက်ခွဲ၊ စော်ကားခံရတဲ့ သူတွေနေရာမှာ မိမိသာဖြစ်ခဲ့မယ်ဆိုရင် အကြောင်းကြောင်းကြောင့် ကိုယ်ယုံကြည်ရာ အမှုကိစ္စကို ဆောင်ရွက်နေစဉ်မှာ အထင်အမြင်သေးစွာနဲ့ စော်ကားခံရတဲ့အခါ ဘယ်လိုနေမလဲဆိုတာကို အနိုင်ကျင့်သူတွေ ကိုယ်ချင်းစာစေလိုပါတယ်။ အဲဒီအမျိုးသမီးအပြင် ရုံးတက်နေသူတွေကို အုပ်စုဖွဲ့ခြိမ်းခြောက်တာ၊ ဆဲရေးတိုင်းထွာနေတာ၊ အလုပ်မဆင်းရလေအောင် အမျိုးမျိုးနှောင့်ယှက်နေတာဟာ ပျက်စီးရာပျက်စီးကြောင်းကို ရည်ရွယ်နေတယ်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးနေတယ်၊ ဒီမိုကရေစီကို ပုံဖျက်နေတယ်၊ လူ့အခွင့်အရေးကို သွေးတိုးစမ်းနေတယ်လို့ပဲ ကောက်ချက်ချမိပါတယ်။

ဆက်စပ်ပြီး အဲဒီလို အကျိုးပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေသူတွေရဲ့နောက်ကွယ်က စနစ်တကျနဲ့ လူထုကို အာရုံအမှားတွေ၊ အသိအမြင်အမှားတွေ မှိုင်းတိုက်ပေးနေသူတွေကို စိတ်ပျက်မိပါတယ်။ လက်ရှိအခြေအနေအပေါ်ကို စနစ်တကျချဉ်းကပ်ပုံချဉ်းကပ်နည်းမှန်မှန်ကန်ကန်နဲ့ ဝေဖန်ပိုင်းခြားမှုမရှိဘဲ ကောလာဟလ သတင်းမှားတွေကို ယုံကြည်နေမိတဲ့ ပြည်သူအချို့ကိုလည်း ကျွန်တော်ကတော့ အားမလိုအားမရဖြစ်မိပါတယ်။

**အဲဒီလို အကျိုးပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသူတွေရဲ့ နောက်ကွယ်က စနစ်တကျနဲ့ လူထုကို အာရုံအမှားတွေ၊ အသိအမြင်အမှားတွေ မှိုင်းတိုက်ပေးနေသူတွေကို စိတ်ပျက်မိပါတယ်။ လက်ရှိအခြေအနေအပေါ်ကို စနစ်တကျချဉ်းကပ်ပုံချဉ်းကပ်နည်း မှန်မှန်ကန်ကန်နဲ့ ဝေဖန်ပိုင်းခြားမှုမရှိဘဲ ကောလာဟလ သတင်းမှားတွေကို ယုံကြည်နေမိတဲ့ ပြည်သူအချို့ကိုလည်း ကျွန်တော်ကတော့ အားမလိုအားမရဖြစ်မိပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ မိန့်ခွန်းထဲမှာ တာဝန်ယူချိန်ကနေစတင်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ပြောင်းလဲသွားဖို့ မရှိကြောင်းနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေတယ်ဆိုတာကို ပြောကြားထားခဲ့ပြီးဖြစ်ပါတယ်။ အရေးပေါ်အခြေအနေတစ်ရပ်မှာ ပြည်သူတွေရဲ့ အဓိကလိုအပ်ချက်က စားဝတ်နေရေးနဲ့ တည်ငြိမ်အေးချမ်းရေးဖြစ်ပါတယ်။ တည်တည်ငြိမ်ငြိမ်နဲ့ တိုင်းပြည်တိုးတက်ရေးကိုရှေးရှုလို့ စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိတဲ့ရွေးကောက်ပွဲကို အမြန်ဆုံးပြန်လည်ကျင်းပနိုင်ဖို့ အားလုံးက တက်ညီလက်ညီ ရှေ့ဆက်ကြရမယ့်အချိန်မှာ အခုလို မညီမညွတ်နဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်ချက်တွေဟာ ပိုမိုဆိုးရွားတဲ့ အနာဂတ်ကို တွန်းပို့နေသလို ဖြစ်နေပါတယ်။

ဒီမိုကရေစီဆိုတာ ကိုယ်မကြိုက်တာကို မကြိုက်ကြောင်းပြောဆိုနိုင်တယ်၊ ဆန္ဒဖော်ထုတ်နိုင်ပါတယ်။ သို့သော် ပျက်စီးရာပျက်စီးကြောင်း၊ နိုင်ငံ့အကျိုးစီးပွားကို ထိခိုက်ရာထိခိုက်ကြောင်း လုပ်ဆောင်နေခြင်းကိုတော့ ဒီမိုကရေစီလို့မသတ်မှတ်နိုင်ပါဘူး။ ဝန်ထမ်းတစ်ဦးဟာ ဒီအစိုးရကိုမကြိုက်လို့ အလုပ်မလုပ်ဘူး၊ နောက်အစိုးရကိုလည်း ကြိုက်မှသာ အလုပ်လုပ်မယ်ဆိုပြီး CDM ကိုသာ လုပ်နေကြမယ်ဆိုရင် နိုင်ငံအကျိုးသယ်ပိုးတဲ့ ဝန်ထမ်းကောင်း ဖြစ်နိုင်ပါဦးမလား။ အခုတော့ CDM လုပ်မယ်။ နောက်အစိုးရတက်လာမှ အလုပ်လုပ်မယ်ဆိုတဲ့ ရွှေပြည်တော်မျှော်သူတွေကို အချိန်တန်လို့ အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ကရော ဘယ်လိုယူဆမယ်လို့ထင်ပါသလဲ။ တက်လာတဲ့အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေကတစ်ခါပြန်ပြီး CDM လုပ်ကြမယ်ဆိုရင် အမယ်ဘုတ်နဲ့ သူ့ရဲ့ချည်ငင်လို တိုးတက်ရာ တိုးတက်ကြောင်းမရှိဘဲ ဝန်ထမ်းတွေ ခံစားချက်ကို ရှေ့တန်းတင်နေကြတာနဲ့တင် တိုင်းပြည်ဘယ်လိုလုပ်မြင့်မားလာပါတော့မလဲ။ အဲဒါကြောင့်လည်း နိုင်ငံ့ဝန်ထမ်းတွေအတွက် သက်ဆိုင်ရာဥပဒေတွေ၊ ကျင့်ဝတ်၊ စည်းကမ်းတွေကို နိုင်ငံတိုင်းမှာ အတည်ပြုထားရတာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးကို မြတ်နိုးတန်ဖိုးထားတဲ့သူတွေဟာ ကိုယ်နဲ့မတူ ကိုယ့်ရန်သူအဖြစ် သတ်မှတ်ကြမှာ မဟုတ်ဘဲ အကြိုက်နဲ့ဆန္ဒမတူသူတွေအပေါ်မှာလည်း လေးစားပေးရမှာ မဟုတ်ဘူးလားခင်ဗျာ။ ဖေ့စ်ဘွတ်ပေါ်မှာ နေ့စဉ်တွေ့နေရတာက ရုံးတက်သူတွေကို အတင်းအကျပ်ဓာတ်ပုံရိုက်ကြတာတွေ၊ ကိုယ်ဝန်သည် အမျိုးသမီးရုံးတက်နေတာတွေကို ဆဲဆိုကျိန်ဆဲထားတာတွေ၊ ဝန်ထမ်းတွေ ရုံးလာကြတာကို တိုက်ရိုက်ထုတ်လွှင့်ပြီး အရှက်ခွဲတာတွေ၊ ပြည်သူတွေငွေကြေး လွယ်လွယ်ကူကူသုံးစွဲလို့ရအောင် အေတီအမ်ငွေထုတ်စက်တွေထဲ ငွေထည့်ပေးနေတဲ့ ဝန်ထမ်းတွေကို အရှက်ကွဲအောင်၊ ဆက်မလုပ်ရဲအောင် ကြံစည်တာတွေဟာ သူတစ်ပါးရဲ့ လွတ်လပ်မှုကို စော်ကားတာဖြစ်သလို ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံရဲ့ပုံရိပ်ကို ချနင်းစေလိုက်တာပဲ ဖြစ်ပါတယ်။

လူမှုကွန်ရက်ပေါ်မှာ ဖတ်ရှုရတဲ့ အမှန်တရားနဲ့နီးစပ်တဲ့ ဝေဖန်မှုတစ်ခုကို ပြန်လည်မျှဝေလိုပါတယ်။ အဲဒါကတော့ အခုလက်ရှိ အဖိတ်အစဉ် ဒဏ်ရာရကြသူတွေအကြား နိုင်ငံရေးသမားတွေပါပြီလား၊ ကီးဘုတ်ဖိုက်တာတွေပါပြီလား၊ လွှတ်တော်ကိုယ်စားလှယ်တွေပါပြီလား၊ အရင်ကအစိုးရအဖွဲ့ဝင်တွေပါပြီလား၊ လှုံ့ဆော်နေတဲ့ ထင်ရှားကျော်ကြားကြသူတွေ ပါပြီလား၊ CDM ကို အတင်းဖိအားပေးနေတဲ့ ပညာတတ်လူလတ်တန်းစားတွေ ပါပြီလားဆိုပြီး မေးခွန်းထုတ်ထားတာပါ။ ကျွန်တော်စဉ်းစားနေမိတာလည်း အဲဒါပါပဲ။

မသိနားမလည် ရိုးအတဲ့ပြည်သူတွေကို ၈ ရက်နေ့ အပြီးတို့၊ ခုနစ်ရက်ပြည့်တို့၊ ဗိုလ်ချုပ်မွေးနေ့ထူးပြီတို့၊ ၂ ငါးလုံးအပြီးတို့ အမျိုးမျိုး လှုံ့ဆော်နေကြတယ်။ ရိုးသားတဲ့ ပြည်သူတွေခများ အမေရိကန်တပ်သားတွေ လာမယ်ဆိုလည်း ယုံလိုက်ကြ၊ နိုင်ငံတကာက ဖိအားတွေပေးပြီး အခုပဲ နိုင်ငံတကာလုံခြုံရေးတပ်တွေ ဝင်လာတော့မလိုပြောတာလည်း ယုံလိုက်ကြ၊ လူအများညီရင် ဘာမှလုပ်လို့မရဘူး ရှေ့တိုးကြဆိုလည်း ယုံလိုက်ကြတာ။ ဝန်ထမ်းတွေကို လစာမပေးနိုင်တော့ဘူးဆိုလည်း ယုံလိုက်ကြနဲ့ မသိနားမလည်တဲ့ လူငယ်တွေ၊ ရိုးသားတဲ့ သာမန်ပြည်သူတွေကို နောက်ကွယ်ကနေ မြှောက်ပေးပြီး အုပ်စုစိတ်ဓာတ်ရိုက်သွင်းပေးပြီး စတေးခိုင်းသူတွေကို အံ့သြမိတယ်။

စာမျက်နှာ ၇ သို့ ☆

**လူမှုကွန်ရက်ပေါ်မှာ ဖတ်ရှုရတဲ့ အမှန်တရားနဲ့နီးစပ်တဲ့ ဝေဖန်မှုတစ်ခုကို ပြန်လည်မျှဝေလိုပါတယ်။ အဲဒါကတော့ အခုလက်ရှိ အဖိတ်အစဉ်ဒဏ်ရာရကြသူတွေအကြား နိုင်ငံရေးသမားတွေပါပြီလား၊ ကီးဘုတ်ဖိုက်တာတွေပါပြီလား၊ လွှတ်တော်ကိုယ်စားလှယ်တွေပါပြီလား၊ အရင်ကအစိုးရအဖွဲ့ဝင်တွေပါပြီလား၊ လှုံ့ဆော်နေတဲ့ထင်ရှားကျော်ကြားကြသူတွေပါပြီလား၊ CDM ကို အတင်းဖိအားပေးနေတဲ့ ပညာတတ်လူလတ်တန်းစားတွေ ပါပြီလားဆိုပြီး မေးခွန်းထုတ်ထားတာပါ။ ကျွန်တော်စဉ်းစားနေမိတာလည်း အဲဒါပါပဲ။**

☆ စာမျက်နှာ ၆ မှ

ကိုဗစ်ကြောင့် ပြည်သူတွေအားလုံး အလုပ်အကိုင်တွေထိခိုက်၊ စားဝတ်နေရေးတွေ ခက်ခဲနေရတဲ့အချိန်၊ လက်လုပ်လက်စားတွေ၊ လခစားတွေ အခုလို တိုင်းပြည်မငြိမ်မသက်ဖြစ်လာရင် နောက်ဆက်တွဲ အကျိုးဆက်တွေဖြစ်တဲ့ ခိုးဆိုးလုယက်တာတွေ၊ အဖျက်အမှောင့်လုပ်ရပ်တွေ အားကောင်းလာစေတာကို ပြည်သူတွေ ဆင်ခြင်တွေးတောစေလိုပါတယ်။ ပြည်သူ့အကျိုးအတွက် ကောင်းရာကောင်းကြောင်း လုပ်ပေးနေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်းတွေကို တိုက်ခိုက်ပြောဆိုနေတာ၊ စော်ကားနေတာ၊ ပိတ်ပင်တားဆီးနေတာဟာ တရားဥပဒေကို မျက်ကွယ်ပြုတာလည်း ဖြစ်ပါတယ်။

ဟိုနေ့ကလည်း အကြောင်းအမျိုးမျိုးကြောင့် မဖြစ်မနေအပြင်သွားကြရတဲ့ ပြည်သူတွေကို လမ်းတွေပိတ်ပြီး သွားလာလို့မရအောင် ပိတ်ဆို့ထားတာတွေ၊ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူနေတာတွေ၊ လမ်းဖွင့်ပေးဖို့ တောင်းဆိုသူတွေကို ဆဲရေးတိုင်းထွာတာ၊ လမ်းပိတ်ခံထားရတဲ့ကားတွေကို ဓာတ်ပုံရိုက်တာ၊ အုပ်စုဖွဲ့အရှက်ခွဲတာတွေကို မြင်ရပါတယ်။ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်လို့ရနိုင်တဲ့ နည်းလမ်းတွေကိုမသုံးဘဲ အခုလို အဓမ္မလုပ်ကိုင်နေတာတွေကိုမြင်ရတာ အတော်လေး ရုပ်ပျက်ဆင်းပျက် မြင်ကွင်းတွေလို့ ခံစားရစေပါတယ်။ လုံခြုံရေးတာဝန်ယူထားတဲ့သူတွေကို ရေသန့်ဘူးတွေ၊ ခဲလုံးတွေနဲ့ပေါက်ကြတာတွေကို မြင်တွေ့ရတယ်။ မတတ်သာတဲ့အဆုံး အဓိကရုဏ်းနှိမ်နင်းနေရတဲ့ အခြေအနေတွေကို မြင်တွေ့ရတာ စိတ်မသက်သာ ဖြစ်ရပါတယ်။ နှစ်ဖက်စလုံးက မြန်မာနိုင်ငံသူ နိုင်ငံသားတွေ မဟုတ်ဘူးလားခင်ဗျာ။

ကျွန်တော်တို့ငယ်ငယ်က လူကြီးတွေပြောတာကြားဖူးတယ်။ တိုင်းပြည် မတည်ငြိမ်ကြရင် မင်းလောင်းမျှော်ကြသတဲ့။ စကြမင်းကြွလာမယ်တို့၊ တိုင်းပြည်ကို ကယ်တင်မယ့် မင်းလောင်းပေါ်မယ်တို့ အမျိုးမျိုးတွေပေ့ါ။ အမှန်တော့ လွတ်လပ်ရေးကို နယ်ချဲ့လက်အောက်ကအရယူပေးတာ မြန်မာနိုင်ငံသားတွေပါပဲ။ ဘယ်ပြည်ပနိုင်ငံသားကမှ သူများနိုင်ငံရဲ့အကျိုးစီးပွားကို အသက်စွန့်ပြီး မကာကွယ်ပါဘူး။ နိုင်ငံရဲ့ပြည်တွင်းရေးကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ကြရမှာက နိုင်ငံသားတွေရဲ့ တာဝန်ဖြစ်ပါတယ်။ မြှောက်ပေးသူတွေ၊ သွေးထိုးလှုံ့ဆော်သူတွေဟာ နောက်ကွယ်ကနေ နိုင်ငံတည်ငြိမ်မှု မရှိအောင် သွေးထိုးပေးနေတဲ့အတိုင်း ကြိုးဆွဲရာကနေကြလို့ မဖြစ်ချေပါဘူး။ အားလုံးစုစုစည်းစည်းနဲ့ ဥပဒေဘောင်အတွင်းကနေ အားလုံးပါဝင်ညီမျှတဲ့ ဒီမိုကရေစီဖော်ဆောင်မလဲဆိုတာကိုပဲ ဦးတည်စေချင်ပါတယ်။

ယနေ့အခြေအနေ ရောက်လာခဲ့ရတာကိုက ပြည်သူတွေရဲ့ သဘောဆန္ဒတွေကို မျက်ကွယ်ပြုပြီး တိုင်ပင်နှီးနှောမှု၊ ညှိနှိုင်းအဖြေရှာမှုအားနည်းခဲ့ရတဲ့အတွက်လို့ ကျွန်တော်ကတော့ မှတ်ယူပါတယ်။ ဒါကိုသင်ခန်းစာယူပြီး အနာဂတ်မြန်မာ့နိုင်ငံရေးကို ထုဆစ်ရာမှာ ဆန္ဒပြသူတွေပြောနေကြတဲ့ နွေဦးတော်လှန်ရေးကနေ အားလုံးညီညီညွတ်ညွတ်နဲ့ ဖန်တီးကြမယ့် နွေဦးနံနက်ခင်းအဖြစ် ပြောင်းလဲနိုင်ဖို့လိုပါတယ်။ အဖျက်အမှောင့်လုပ်ရပ်တွေကို ပြည်သူတစ်ရပ်လုံးက နားလည်သဘောပေါက်ပြီး ပူးပေါင်းကြိုးပမ်းကြမယ်ဆိုရင် အနာဂတ်အတွက် အချိန် မနှောင်းသေးဘူးလို့ ထင်မြင်မိပါတယ်။

တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနဲ့ အေးချမ်းလုံခြုံခြင်းကို လိုလားကြတဲ့ ပြည်သူတွေဟာ လက်ရှိအခြေအနေမှာ ဖြစ်ပွားနေတဲ့ ဥပဒေမဲ့ ကျူးလွန်မှုတွေကို လက်သင့်ခံနိုင်ကြမယ် မထင်ပါဘူး။ ဒါကြောင့်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကနေ ပြည်သူကိုအသိပေးချက်တွေ၊ မေတ္တာရပ်ခံချက်တွေ ထုတ်ပြန်ပြီး တစ်ဖက်မှာလည်း ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်မှုတွေကို ပြုလုပ်နေရပြီဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေရတာပဲ ဖြစ်ပါတယ်။

**တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနဲ့ အေးချမ်းလုံခြုံခြင်းကို လိုလားကြတဲ့ ပြည်သူတွေဟာ လက်ရှိအခြေအနေမှာ ဖြစ်ပွားနေတဲ့ ဥပဒေမဲ့ ကျူးလွန်မှုတွေကို လက်သင့်ခံနိုင်ကြမယ်မထင်ပါဘူး။ ဒါကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ ပြည်သူကို အသိပေးချက်တွေ၊ မေတ္တာရပ်ခံချက်တွေ ထုတ်ပြန်ပြီး တစ်ဖက်မှာလည်း ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်မှုတွေကို ပြုလုပ်နေရပြီဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေရတာပဲ ဖြစ်ပါတယ်။**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းရလဒ်များကို ပြန်လည်စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်တဲ့ကိစ္စရပ်တွေကို အမြန်ဆုံးနဲ့ စနစ်တကျဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်ပြီးစီးတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်မှာဖြစ်တယ်ဆိုတာကိုလည်း အတိအလင်းကြေညာထားပြီးသားဖြစ်ပါတယ်။

ဒါတွေကို လျစ်လျူရှုပြီး တိုင်းပြည်ပျက်စီးကြောင်း ကြံစည်မြှောက်ပင့်သွေးထိုးပေးနေတာ ပြည်သူလူထုရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို တိုးပွားအောင်လုပ်ဆောင်နေတာ၊ ကောလာဟလသတင်းများတွေနဲ့ လူထုကိုကြိုးကိုင်နိုင်အောင် လုပ်ဆောင်နေတာတွေကို ရည်ရွယ်ချက်အပြည့်နဲ့ လုပ်ဆောင်တဲ့ သူတွေအနေနဲ့ ရပ်တန်းက ရပ်သင့်ပါပြီ။ ပြည်သူတွေအနေနဲ့လည်း စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်လာစေဖို့ အားလုံးညီညွတ်စွာနဲ့ လျှောက်လှမ်းသွားကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

■




လူထုထပ်တဲ့နေရာတွေကို ဂရုစိုက်ပါ။ ဥပမာ - ဘတ်စ်ကားစီးနင်းတဲ့အခါမျိုးပါ။ ပြည်တွင်းကူးစက်မှုတွေကလဲ တဖြည်းဖြည်း မြင့်မားနေပါတယ်။ လေအေးပေးစက်အသုံးပြုတဲ့ ဘတ်စ်ကားတွေ စီးမယ်ဆိုရင် နှာခေါင်းစည်း၊ Face shield၊ လက်အိတ်စတဲ့ တစ်ကိုယ်ရည်သုံး ကာကွယ်ရေး ပစ္စည်းတွေ ဝတ်ဆင်ဖို့ မမေ့ပါနဲ့။ မိမိရဲ့မျက်နှာကိုလဲ လက်တွေနဲ့ မထိပါနဲ့။ အိမ်ပြန်ရောက်တဲ့အခါမှာလည်း လက်ကို သေချာစွာဆေးကြောပေးပါ။




တစ်ကမ္ဘာလုံးက COVID-19 နှင့် တိုက်ခိုက်နေရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေက ကူးစက်ရောဂါကို ရှေ့တန်းစစ်မျက်နှာမှာ တိုက်ခိုက်နေတာဖြစ်ပါတယ်။ သူတို့က COVID-19 ကူးစက်ခံထားရတဲ့ လူနာများနှင့် နေ့စဉ်ထိတွေ့နေရပါတယ်။ လူသားအားလုံးကို ကူညီကာကွယ်ဖို့ ရောဂါကူးစက်နိုင်ခြေရှိတဲ့ အခြေအနေတွေကို သူတို့ လက်ခံ ကြုံတွေ့နေရပါတယ်။ ရောဂါကို တိုက်ဖျက်ပြီး လူတိုင်းပြန်ပြီး ကျန်းမာလာစေဖို့ သူတို့အစွမ်းကုန်ကြိုးစားနေကြပါတယ်။ တတ်နိုင်သမျှ ကျန်းမာရေးဝန်ထမ်းတွေကို ကူညီပံ့ပိုးကြပါစို့။

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြိုင်ကြီးငူနန်းဦးဘေးမဲ့တောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိကအား မြိုင်ကြီးငူဥယျာဉ်ခြံကျောင်း၌ သွားရောက်ဖူးမြော်ကြည်ညို၍ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆန်၊ ဆီ၊ ဆေးအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။ မြိုင်ကြီးငူဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ တိုက်ပွဲရှောင်များ နေရာချထားပေးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လျှောက်ထားမေးမြန်းပြီး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြိုင်ကြီးငူအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ဒေါ်ညိုသင်းက ကျောင်းဆောင်များ၏အခြေအနေ၊ ဝန်ထမ်းအင်အား၊ ပရိဘောဂလိုအပ်မှု အစရှိသည်တို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကျုံထော်သဘာဝအပန်းဖြေရေတံခွန်စခန်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူအေးချမ်းစွာအနားယူအပန်းဖြေနိုင်ရေး၊ ဈေးဆိုင်ခန်းများအား စနစ်တကျနေရာချထားပေးနိုင်ရေး၊ သန့်ရှင်းလတ်ဆတ်သည့် ဒေသထွက်ကုန်နှင့် အစားအစာများ ရောင်းချနိုင်ရေးတို့ကို တာဝန်ရှိသူများထံ လမ်းညွှန်မှာကြားခဲ့သည်။




ယင်းနောက် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဗျူဟာအဖွဲ့ (လှိုင်းဘွဲ့)မှ ပြင်ပလူနာကုသမှုဌာနအဖြစ် ဖွင့်လှစ်ထားသော လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမသို့ ရောက်ရှိပြီး လှိုင်းဘွဲ့မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ဆေးကုသမှုခံယူလျက်ရှိသော မိဘပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ ပြင်ပလူနာ ကုသမှုဌာနအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒဏ်ရာရရှိသူများအား သွားရောက်ပို့ဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနပိုင်ယာဉ်အား ခဲများ၊ လေးခွများ၊ ဓားများဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့မရဲစခန်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် ဌာနပိုင်မော်တော်ယာဉ်ဖြင့် လူနာတစ်ဦးအား ဆေးရုံပို့ဆောင်ရန် သွားရောက်စဉ် ရွှေပြည်သာမြို့နယ် တ/၁၅ ရပ်ကွက် မဟာဗန္ဓုလလမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ အရောက်တွင် လမ်းပေါ်ရှိနေသူ ၂၀ ခန့်က လေးခွ၊ တုတ်၊ ဓားများ ကိုင်ဆောင်၍ ပိတ်ဆို့တားဆီး ရန်ပြုလာသဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့မှုကြောင့် ဆူပူအကြမ်းဖက်သူများထဲမှ အရပ်သားတစ်ဦး ကျည်ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် ဏ/၁၄ ရပ်ကွက် အောင်စေရတနာလမ်း၌ သံပုံးတီးသည့်ကိစ္စနှင့် ပတ်သက်၍ ရပ်ကွက်နေသူအချင်းချင်း စကားများခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဦးကိုကိုနိုင်ဆိုသူတွင် ဝဲလက်ခလယ်ပြတ်ဒဏ်ရာရရှိခဲ့ကြောင်း၊ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သတင်းရရှိသဖြင့် ဒဏ်ရာရရှိသူအား ဆေးရုံသို့ပို့ဆောင်ကုသနိုင်ရေးအတွက် ဌာနပိုင်မော်တော်ယာဉ်ဖြင့် ခေါ်ယူခဲ့ကြောင်း၊ ထိုသို့ခေါ်ယူစဉ် တ/၁၅ ရပ်ကွက် မဟာဗန္ဓုလလမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့ အရောက်တွင် လမ်းပေါ်ရှိနေသူ ၂၀ ခန့်က မော်တော်ယာဉ်အား တားဆီး၍ လေးခွ၊ တုတ်၊ ဓားများဖြင့် ပစ်ခတ်ရိုက်နှက်ခြင်းများ ပြုလုပ်လာခြင်းကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဌာနပိုင်မော်တော်ယာဉ်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည့်အပြင် ၎င်းလူအုပ်စုသည် ရဲတပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ဖြစ်စေသည်အထိ ရန်မူလာခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက မိုးပေါ်သို့ သေနတ်ဖြင့် သုံးချက်ခန့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ လူအုပ်အတွင်းရှိ အရပ်သားတစ်ဦး ကျည်ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။



အဆိုပါ ရွှေပြည်သာမြို့နယ်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အမိန့်ထုတ်ပြန်ထားသည့် မြို့နယ်တစ်ခုဖြစ်ပြီး ယင်းမြို့နယ်အတွင်း လူ ငါးဦးသို့မဟုတ် ငါးဦးထက်ပိုသောသူများ စုဝေးခြင်း မပြုရန်နှင့် လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရန်းရင်းဆန်ခတ်ပြုမူခြင်းများကို မပြုလုပ်ရန် တားမြစ်ထားသည့် နေရာဖြစ်သည့်အပြင် လုံခြုံရေးနှင့် ပြည်သူလူထုအား ကူညီဆောင်ရွက်ပေးလျက်ရှိသော ရဲတပ်ဖွဲ့ဝင်များကို အသက်အန္တရာယ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ပါဝင်ပတ်သက်သူများအား ဥပဒေအရအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သံတွဲခရိုင် ပြည်သူ့ဆေးရုံအထောက်အကူပြုကော်မတီနှင့် မြို့မိ၊ မြို့ဖများ၊ အရပ်ဘက်ပရဟိတအဖွဲ့အစည်းများ အစည်းအဝေး ကျင်းပ

**သံတွဲ ဖေဖော်ဝါရီ ၂၁**

သံတွဲခရိုင် ပြည်သူ့ဆေးရုံ အထောက်အကူပြုကော်မတီနှင့် မြို့မိ၊ မြို့ဖများ၊ အရပ်ဘက်ပရဟိတ အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်အဆင့် ဆေးရုံအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်က လက်ရှိကာလတွင် သံတွဲခရိုင်ပြည်သူ့ဆေးရုံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ ဖြည့်ဆည်းထားနိုင်မှု အခြေအနေများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး ဆေးဝါးရောက်ရှိမှုအခြေအနေများ၊ ပြင်ပတွင် ပျံ့နှံ့လျက်ရှိသော ကောလာဟလသတင်းများနှင့်ပတ်သက်၍ ပြည်သူ့ဆေးရုံမှ ဝန်ဆောင်မှုပေးလျက်ရှိသော လက်ရှိ မြေပြင်အမှန်သတင်းများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံတွဲခရိုင် ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းဝင်းက ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာသော လူနာများအား ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ပြင်ပလူနာဌာနတွင်လည်း လူနာများအား ပုံမှန်ကြည့်ရှု ကုသပေးလျက်ရှိသည့် အခြေအနေများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့် ဆေးရုံအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်နှင့်အဖွဲ့ဝင်များ၊ အစည်းအဝေးတက်ရောက်လာကြသူများက ပြင်ပလူနာဌာနတွင် ဆေးကုသမှုဆောင်ရွက်နေသည့် လူနာများကို ကြည့်ရှုအားပေးစကား ပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းဝင်းက ဆေးဝါးပစ္စည်းသိုလှောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

## ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း / ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များတွေ့ဆုံ

**တောင်ကြီး ဖေဖော်ဝါရီ ၂၁**
ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ယနေ့တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များ၊ မှာကြားချက်များကို ပြန်လည်ချပြ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို ကဏ္ဍအလိုက် ခွဲခြားထားပြီး မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မှာကြားလိုကြောင်း၊ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် အဓိက စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍကို ဦးစွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ထုတ်ကုန်များကိုလည်း လျင်မြန်စွာဆောင်ရွက်ပေးရန်၊ မကြာခင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးကြရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းရင်းသားလက်ဝယ်ရောက်ရှိနိုင်ရေး အတွက် ဆောင်ရွက်ပေးကြရန်၊ လက်ရှိလုပ်ငန်းများကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ဝန်ထမ်းများ ရုံးပြန်လည်တက်နိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဥက္ကဋ္ဌတို့က ပူးပေါင်းပါဝင်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ လားရှိုး၊ ကျိုင်းတုံ ဒုတိယပြည်နယ် စီမံအုပ်ချုပ်ရေးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဖြစ်သည့် “ဝ”၊ ပအိုဝ်း၊ ဓနု၊ ပလောင်၊ ကိုးကန့် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောက်မဲ၊ လားရှိုး၊ မိုးမိတ်၊ မူဆယ်၊ ဟိုပန်၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့များက လုပ်ငန်းများကို တင်ပြကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**





## ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ခရိုင် / မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဖေဖော်ဝါရီ ၂၁**
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂နာရီက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ Online Meeting စနစ်ဖြင့် ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အရေးပေါ်ကာလ တစ်နှစ်အတွင်း ဆောင်ရွက်မည့် Road Map ငါးချက်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ အခြေခံပညာကျောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်းနှင့် မိမိတို့တိုင်းဒေသကြီးတွင် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူနေစဉ် ကာလအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခြင်းလုပ်ငန်းများ အမြန်ပြီးပြတ်စေရေး ဆောင်ရွက်သွားရန်၊ မြို့နယ်အလိုက် ပိတ်သိမ်းခဲ့သည့် Facility Quarantine စခန်းများ၏ စာရင်းဇယားများ စနစ်တကျပြုစုထားရှိရန်၊ မိမိတို့ မြို့နယ်အတွင်း ရာဇဝတ်မှုမဖြစ်စေရေး လုံခြုံရေးအထူး အလေးထားဆောင်ရွက်ရန် ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များက မြို့နယ်အလိုက် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ ဒေသအလိုက် ဆေးရုံ၊ ဆေးခန်း ဖွင့်လှစ်မှုအခြေအနေများ၊ ဘဏ်များဖွင့်လှစ်ထားရှိမှု၊ နေ့ညမပြတ် လုံခြုံရေးဆောင်ရွက် ပေးနေမှုများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရွေးချယ်ဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေးခဲ့ရာ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

❖ ရန်ကုန်မြစ်အတွင်းမှ

ရှစ်ဦးအထိပဲ တင်တာဖြစ်ပါတယ်။ ဒီကာလမှာ ခရီးသည်သွားလာမှုနည်းသွားတဲ့အတွက် သမ္ဗန်ရေယာဉ်မောင်းနှင်သူတွေရဲ့ စားဝတ်နေရေးအတွက် အခက်အခဲကြုံတွေ့နေရတယ်”ဟု မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောကြားသည်။

ဆောင်းရာသီကာလ ဖြစ်ပေါ်တတ်သည့် ရန်ကုန်မြစ်အတွင်း ဆီးနှင်းများကျဆင်းချိန် မြစ်တွင်းသွားစက်တပ်သမ္ဗန်များသည် ခရီးသည်များ တင်ဆောင်မောင်းနှင်သွားလာရာတွင် အသက်အန္တရာယ်ရှိနိုင်သည့်အတွက် မြင်ကွင်းများ ကောင်းမွန်မှုရှိမှသာ မောင်းနှင်ကြရန်၊ ဆီးနှင်းများထူထပ်စွာကျချိန်တွင် သက်ဆိုင်ရာကူးတို့ဆိပ်ကမ်းများမှ မောင်းနှင်ထွက်ခွာခြင်း မပြုလုပ်စေရေး၊ ကုန်ပစ္စည်းများတင်ဆောင်ပါက ခရီးသည်လျှော့တင်ဆောင်ရေး၊ မီးလောင်လွယ်သောပစ္စည်းများ တင်ဆောင်ပါက ခရီးသည်တင်ဆောင်ခြင်း မပြုလုပ်စေရေး၊ မြို့နယ်မှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာနိုင်စေရေးအတွက် စက်တပ်သမ္ဗန်ကူးတို့ဆိပ်များရှိ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ စက်တပ်သမ္ဗန်မောင်းနှင်ကြသူများ သိရှိနိုင်ရေးအတွက် အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဒလမြို့နယ်၌ မြို့နယ်စက်တပ် ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ပိုင်ကူးတို့သမ္ဗန်ဆိပ် ခြောက်ဆိပ်ရှိရာ ကမာအောင်ကူးတို့ဆိပ်၌ အစင်း ၁၈၀၊ တံလျှပ်ကူးတို့ဆိပ်၌ ၄၆ စင်း၊ ရေကန်ကူးတို့ဆိပ်၌ ၂၂ စင်း၊ ဆာပါချောင်ကူးတို့ဆိပ်၌ ၄၁ စင်း၊ ကျောင်းစုကူးတို့ဆိပ်၌ ၂၂ စင်း၊ ကျောင်းစုခွဲ (လက်ခတ်မှစက်တပ်) ကူးတို့ဆိပ်၌ အစင်း ၂၀ တို့ဖြစ်ပြီး သမဝါယမအသင်းလီမိတက်ပိုင် ကူးတို့သမ္ဗန်ဆိပ် ငါးဆိပ်ဖြစ်သည့် သမ္မတကမ်းခြေကူးတို့ဆိပ်၌ ၃၄ စင်း၊ ကမာကသွယ်ကူးတို့ဆိပ်၌ အစင်း ၃၀၊ စက်မြေကူးတို့ဆိပ်၌ ၃၃ စင်း၊ ကမာကဆစ်ကူးတို့ဆိပ်၌ ၄၁ စင်း၊ မှော်စက်ကူးတို့ဆိပ်၌ ၃၅ စင်းတို့ရှိရာ စုစုပေါင်း ကူးတို့ဆိပ် ၁၁ ဆိပ်တွင် စက်တပ်သမ္ဗန် အစင်းရေ စုစုပေါင်း ၅၀၄ စင်းရှိကြောင်း သိရသည်။

**နိုင်လင်းကျော် (ဒလ)**

## ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နှင့် သာယာဝတီမြို့တို့၌ တပ်မတော်ထောက်ခံပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**
၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တွင် အင်အား ၃၀၀၀ ခန့်ဖြင့် လည်းကောင်း၊ သာယာဝတီမြို့တွင် အင်အား ၅၀၀ ခန့်ဖြင့် လည်းကောင်း ပြုလုပ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုးပုဆိန်ရိုး အမျိုးသားရေးသစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့်မညီသော ရွေးကောက်ပွဲရလာဒ်အလိုမရှိ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့် ပြည်သူသွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စာသားပါဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။



အများပြည်သူများ အနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများက ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အေးချမ်းစွာနေပါရစေ . . .

**မအေးစိန်**

"အေးချမ်းစွာ နေချင်ပါတယ် . . ."

ကျွန်မ ဒီစကားတစ်ခွန်းကို ကျွန်မပတ်ဝန်းကျင်က မိတ်ဆွေအပေါင်းအသင်းတွေကို ပြောမိပါတယ်။ တစ်ခါတလေ ကျွန်မရဲ့ခံစားချက်ကို ကျွန်မရဲ့ဖေ့စ်ဘွတ် စာမျက်နှာကနေ ရင်ဖွင့်မိပါတယ်။ ဒီလိုပြောလိုက်တဲ့အခါမှာ ကျွန်မနဲ့ ခင်မင်ရင်းစွဲရှိတဲ့ မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေဟာ အခေါ်အပြောနည်းသွားပါတယ်။ တချို့လည်း မျက်လုံးစိမ်းတွေနဲ့ ကျွန်မကို ကြည့်ပါတယ်။ ကျွန်မ ပြောစကားကိုသူတို့အတွေးနဲ့သူတို့ အတွေးနယ်လွန်ဟန်တူပါတယ်။ ကျွန်မကတော့ ကျွန်မခံစားချက်နဲ့ ကျွန်မ ရိုးရိုးသားသားပြောမိတာပါ။

ကျွန်မနဲ့လူကိုယ်တိုင် မသိကျွမ်းပေမယ့်လည်း လူမှုကွန်ရက်ကတစ်ဆင့် သိကျွမ်းကြတဲ့ မိတ်ဆွေတွေကို ဒီစကားလေးကို မျှဝေမိတာနဲ့ ရန်သူသဖွယ် ချက်ချင်းပြောင်းလဲသွားကြပါတယ်။ ရန်သူလို့တောင် သတ်မှတ်ချင် သတ်မှတ်ကြဦးမှာဖြစ်ပါတယ်။ မိတ်ဆွေအဖြစ်ကနေ စွန့်ပယ်ကြသူတွေလည်း ရှိပါတယ်။ ကံကောင်းလို့သာ အဆဲမခံရတာ။ ဒီထက်ပိုပြီး ပြောမိမယ်ဆိုရင်တော့ အဆဲခံရမှာ သေချာပါတယ်။

အခုအချိန်အခါမှာ ကျွန်မတို့ လူ့အသိုင်းအဝိုင်းဟာ အရင်ကလိုမဟုတ်တော့ပါဘူး။ သွားသတိ၊ လာသတိ၊ နေသတိ၊ အထူးသဖြင့် စကားပြောရင် အထူးသတိပြု ပြောဆိုဆက်ဆံနေရပါတယ်။ လက်ရှိဆန္ဒပြနေတာကို အသိအမှတ်မပြုတဲ့စကားပြောလိုက်မိမှာကို အထူးသတိထားနေရပါတယ်။ ကိုယ့်အကြောင်းနဲ့ကိုယ် သူ့ဘက်မပါခဲ့ရင်၊ သူတို့လုပ်နေတာကို မထောက်ခံခဲ့ရင်၊ သူတို့လုပ်တာကို မကြိုက်ခဲ့ရင် မိတ်ဆွေအဖြစ်က စွန့်ပယ်ခြင်းကိုသာမက ရန်မူခြင်းပင် ခံရနိုင်ပါတယ်။ ကျွန်မတို့ လူ့အသိုင်းအဝိုင်းမှာ အရင်က ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေခဲ့ကြသူတွေအချင်းချင်း သဘောမကိုက်တာလေးတစ်ခုနဲ့ သွေးကွဲရပါပြီ။

ကျွန်မပြောလိုက်တဲ့ စကားလေးတစ်ခွန်းနဲ့ ဖြစ်ရတဲ့အဖြစ်ကို နားလည်လို့တောင် မရတော့ပါဘူး။ မိတ်ဆွေအပေါင်းအသင်း ပညာတတ်တွေတောင်ပါကုန်ပါတယ်။ အတော့်ကို စိတ်မကောင်းလည်း ဖြစ်မိပါတယ်။ ကျွန်မ မိတ်ဆွေအပေါင်းအသင်းတွေသာမက မိသားစုအချင်းချင်းပင် စိတ်ဝမ်းကွဲရပါတယ်။ အချို့လည်း တစ်သွေးတည်းပါပဲ။ အချို့လည်း ရောင်တော်ပြန်နဲ့ လိုက်ပါနေကြတာပဲ။ ကျွန်မရဲ့အဖြစ်ကို ကျွန်မခပ်ရေးရေးသဘောပေါက်မိပါတယ်။ ညစဉ် ဆူညံနေတဲ့ကာလမှာ ကျန်းမာရေးကြောင့် ငြိမ်းငြိမ်းချမ်းချမ်း အေးအေးပဲ နေချင်တယ်လို့ ပြောမိတာပါ။ သူတို့လုပ်နေတာတွေကို မကြိုက်ဘူးလို့ မပြောမိပါဘူး။ ဒီစကားလေးနဲ့ ရန်သူသဖွယ်ချက်ချင်း သတ်မှတ်လိုက်တာကို နားမလည်နိုင်အောင် ဖြစ်ရပါတယ်။

ကျွန်မ အမှားလုပ်ခဲ့ပါသလား။ ယခင်က ပြောမနာ၊ ဆိုမနာ ခင်မင်ရင်းနှီးကြသူတွေ၊ ပုံမှန်သိကျွမ်းကြသူတွေ၊ ဖေ့စ်ဘွတ်ပေါ်မှာ သိကျွမ်းကြသူမိတ်ဆွေအားလုံးတို့ဟာ အခုအခါမှာ သူစိမ်းတစ်ရံဆံပမာ ဖြစ်သွားကြပါတယ်။ ဒီထက်ပိုတဲ့သူတွေက ကျွန်မကို ပြစ်တင်၊ ဝေဖန်၊ ရှုတ်ချကြပါတယ်။ ဒီထက်ပိုဆိုးတဲ့သူတွေက ကျွန်မကို ဆဲဆိုကြိမ်းမောင်းကြပါတယ်။ ကျွန်မဘာအမှားမှ မပြောခဲ့မိရိုး အမှန်ပါ။

"ကျွန်မက အေးချမ်းစွာ နေချင်လှပါပြီ" လို့ ဆိုတာကို "ငါတို့က အေးအေးချမ်းချမ်း မနေတဲ့သူတွေလား၊ ဆူဆူပူပူ လုပ်နေတဲ့သူတွေလား"လို့ ကပ်ဖိုးကပ်ဖဲ့ပြောဆိုကြပါတယ်။ ကျွန်မရဲ့ဆန္ဒသဘောကွဲလွဲခွင့် မရတာသာမက သဘောမျှပင် မဟာရဲလောက်အောင် ဖြစ်လို့နေပါတယ်။ ကျွန်မတို့ လူ့ဘောင်အသိုက်အဝန်းကြီး မည်သို့မည်ပုံ ဖြစ်ကုန်ကြပါပြီလဲ။ ကျွန်မဟာ ကျွန်မရဲ့ကိုယ်ပိုင်ဆန္ဒကို ဖော်ထုတ်ခြင်းမျှသာ ဖြစ်ပါတယ်။ အချင်းချင်း အမုန်းတရားတွေ များခဲ့ပါပြီ။

"အေးအေးချမ်းချမ်း နေချင်ပါတယ်"လို့ ကျွန်မပြောမိတာဟာ ကျွန်မ ကျန်းမာရေးအခြေအနေအရ မခံသာလို့ ဖွင့်ဟမိခြင်းဖြစ်ပါတယ်။ ကျွန်မဟာ ငယ်ငယ်ကတည်းက မွေးရာပါ နှလုံးရောဂါရှိပါတယ်။ ကျွန်မရှေ့မှာ အော်ဟစ်ဆူညံတာ၊ ခိုက်ရန်ဖြစ်ပွားတာ၊ ကြောက်စရာတစ်ခုခုဖြစ်တာ၊ စိုးရိမ်ထိတ်လန့်စရာ တစ်မျိုးမျိုးဖြစ်တာတွေ ကြုံခဲ့ရင် ကျွန်မရဲ့ နှလုံးရောဂါဟာ ဖောက်လာပါတယ်။ မခံသာအောင် နှလုံးခုန်မြန်တာကြောင့် ဆေးအမြန်သောက်၊ စိတ်အမြန်လျှော့ရပါတယ်။

ကျွန်မတို့ရပ်ကွက်မှာ ညစဉ်ညတိုင်း ဆူညံတာဟာ ရက် ၂၀ ကျော်ခဲ့ပါပြီ။ ဖြစ်စဉ်ဟာ CDM ကြောင့် ဖြစ်တယ်လို့ ပွင့်ပွင့်လင်းလင်းပြောမိပါတယ်။ ဒါ့ကြောင့်လည်း ကျွန်မကို မုန်းသွားတာ ဖြစ်နိုင်ပါတယ်။ ကျွန်မရဲ့ပင်ကိုစိတ်ရင်းမှာ အာဏာရှင်ကို မနှစ်သက်ပါ။ လွတ်လပ်ပွင့်လင်းတဲ့ ဒီမိုကရေစီကို လိုလားပါတယ်။ စည်းကမ်းရှိတဲ့ ဒီမိုကရေစီကို နှစ်သက်ပါတယ်။ ဒါဟာ ကျွန်မရဲ့ စိတ်ရင်းဖြစ်ပါတယ်။ ကျွန်မရဲ့ ကျန်းမာရေးကြောင့် တက်ကြွလှုပ်ရှားခြင်းလည်း မရှိ၊ ပါဝင်အားပေးတာလည်း မပြုလုပ်နိုင်ပါ။

ညတိုင်း ည ၈ နာရီနီးတာနဲ့ ငရဲပြည်ကို စတင်ရောက်ပါတော့တယ်။ လူနေထူထပ်သိပ်သည်းတဲ့ ရပ်ကွက်ထဲမှာ နေထိုင်ရတော့ ညစဉ်ထုရိုက်ကြတဲ့ အိုးခွက် သံပုံးသံတွေဟာ အရပ်ရှစ်မျက်နှာ ဆူညံနေပါတော့တယ်။ ယခင်က ကျွန်မတို့ရဲ့ ယဉ်ကျေးမှုအစဉ်အလာဖြစ်တဲ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နေဝင်ရီတရောအချိန်မှာ ရပ်ရွာအတွင်းက မကောင်းဆိုးဝါးတွေထွက်သွားစေဖို့အတွက် သံပုံးတီးတောထုတ်ကြတာကို သတိရပါတယ်။ တစ်နှစ်မှာ တစ်ရက် အစဉ်အလာမပျက်လုပ်ကြပါတယ်။ ရပ်ရွာအတွင်း မကောင်းဆိုးဝါးတွေ ထွက်သွားဖို့ အစဉ်အလာအားဖြင့် လုပ်ကြတာ ပါ။

အခုတော့ နေ့စဉ်ရက်ဆက် ညတိုင်းထုရိုက်နေတာကြောင့် မကောင်းဆိုးဝါးတွေ ထွက်ပြေးကြမှာ သေချာပါတယ်။ မကောင်းဆိုးဝါးတွေသာမက ရပ်ရွာအတွင်း မှီခိုနေထိုင်ကြတဲ့ သားငှက်တိရစ္ဆာန်တွေ စိုးရိမ်လန့်ဖျပ်ကြပါတယ်။ သတ္တဝါတွေသာမက မမြင်အပ်တဲ့ အိမ်စောင့်နတ်၊ လမ်းစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်များ ပါမကျန်ထွက်ပြေးကြလိမ့်မယ်ထင်ပါတယ်။ နောက်ဆုံးတော့ နားမခံသာတဲ့ ကျွန်မတို့လို အေးအေးဆေးဆေး နေချင်တဲ့ လူတွေပါ အမြန်ဆုံးထွက်ပြေးကြရပါတော့မယ်။

**ဆန္ဒဖော်ထုတ်နေတဲ့သူတွေက အများစုဆိုရင် ကျွန်မတို့လို လူနည်းစုတွေကို စာနာပေးတာ၊ နားလည်ပေးတာ ဒီမိုကရေစီမဟုတ်ပါလား၊ ဒီမိုကရေစီဖခင်၊ ဒီမိုကရေစီမိခင်တွေကို မေးကြည့်ချင်ပါတယ်။ ခုတော့ တစ်ခုခုတော့ မှားနေပြီလို့ ထင်မိပါတယ်။ ဆူညံပူညံ ထုရိုက်သံတွေကြောင့် ကျွန်မ အေးအေးနေချင်ပါတယ်လို့ ဆိုခဲ့မိတဲ့ ကျွန်မ မအေးစိန် မှားခဲ့ပါက ခွင့်လွှတ်ပေးပါလို့ တောင်းပန်ချင်။**

ညစဉ်ညတိုင်း ထုရိုက်နေကြတာဟာ အကြောင်းကြောင်းကြောင့် ဖြုတ်ချခဲ့ရတဲ့ အစိုးရပြန်ရရေးအတွက် မသမာသူတွေက အခါပေးတဲ့အတိုင်း တစ်ပြိုင်တည်း ထုရိုက်နေကြတာဖြစ်ပါတယ်။ ရပ်ရွာအတွင်းမှာ ထုချင်နှက်ချင်တဲ့သူတွေ များလှတယ်။ ရပ်ရွာထဲမှာ အယူဝါဒ၊ ယုံကြည်ချက်ကွဲလွဲတဲ့သူတွေ၊ သဘောမတူတဲ့ သူတွေလည်း ရှိကြပါလိမ့်မယ်။ ကိုယ်ယုံကြည်ရာဘာသာတရားကို အာရုံပြုနေကြတဲ့သူတွေ၊ ဘုရားဝတ်ပြု တရားပွားများ အားထုတ်နေကြတဲ့သူတွေ၊ ကျွန်မလို နှလုံးမကောင်းသူတွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေ၊ သက်ကြီး ရွယ်အိုတွေ၊ သွေးနုသားနုကိုယ်ဝန်ဆောင်မိခင်တွေ၊ ကြောက်လန့်တတ်တဲ့ ကလေးသူငယ်တွေ မျိုးစုံရှိနိုင်ပြီး သူတို့တွေ ဘယ်လိုခံစားနေရပါသလဲ။

ဆန္ဒဖော်ထုတ်နေတဲ့ သူတွေက အများစုဆိုရင် ကျွန်မတို့လို လူနည်းစုတွေကို စာနာပေးတာ၊ နားလည်ပေးတာ ဒီမိုကရေစီမဟုတ်ပါလား၊ ဒီမိုကရေစီဖခင်၊ ဒီမိုကရေစီမိခင်တွေကို မေးကြည့်ချင်ပါတယ်။ ခုတော့ တစ်ခုခုတော့ မှားနေပြီလို့ ထင်မိပါတယ်။ ဆူညံပူညံ ထုရိုက်သံတွေကြောင့် ကျွန်မ အေးချမ်းစွာနေချင်ပါတယ်လို့ ဆိုခဲ့မိတဲ့ ကျွန်မ မအေးစိန် မှားခဲ့ပါက ခွင့်လွှတ်ပေးပါလို့ တောင်းပန်ချင်ပါတယ်။

ကျွန်မတို့ဟာ ယဉ်ကျေးမှုအစဉ်အလာကြီးတဲ့၊ ဘာသာတရားနဲ့ မိဘဆရာသမား အဆုံးအမတွေကို ရိုသေလေးစားတန်ဖိုးထားတဲ့၊ ခွင့်လွှတ်တတ်တဲ့၊ သည်းခံတတ်တဲ့၊ စာနာတတ်တဲ့ ကျွန်မတို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ဘယ်သူဖျက်ဆီးလိုက်တာပါလဲ။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲနှင့်ပတ်သက်ရင် ကဲကဲဆတ် အထိမခံတော့ပါ။ ရပ်သူရွာသားအချင်းချင်း၊ မိတ်ဆွေအချင်းချင်း အသွင်မတူတာနဲ့ စိတ်ဝမ်းကွဲကုန်ကြပါပြီ။ အဲဒါ ဘယ်သူဖန်တီးတာလဲ။ ဘယ်သူဖြေရှင်းပေးမှာလဲ။

ကျွန်မ မအေးစိန်ကတော့ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး ဒိသာဖရဏမေတ္တာပွားနည်းဖြစ်တဲ့ အရပ်(၁၀)မျက်နှာမှာရှိကြကုန်သော "အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ညစဉ်ညတိုင်း မေတ္တာပို့နေရပါတော့တယ်။ ။

## ကျောက်တော်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၂၅၆ ဒသမ ၅၅၃ သန်းဖြင့် ကွန်ကရစ် တံတားဆောင်ရွက်လျက်ရှိ

**စစ်တွေ ဖေဖော်ဝါရီ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေကျပ် ၂၅၆ ဒသမ ၅၅၃ သန်းဖြင့် ကျောက်တော်မြို့နယ် မင်းသားတောင်ကျေးရွာ ရွာလယ်ကွန်ကရစ်တံတား ပေ ၁၂၀ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)မှ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေးတို့ကို မှာကြားခဲ့သည်။

တံတားမှာ လက်ရှိအချိန်တွင် ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ရာ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် ကျောက်တော်မြို့သို့ ရာသီမရွေးသွားလာနိုင်မည်ဖြစ်သည်။ ၎င်းတံတားပြီးစီးသွားလျှင် ကျေးရွာခုနစ်ရွာမှ အိမ်ခြေ ၅၃၇ အိမ်၊ လူဦးရေ ၂၆၄၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကို ၂၀၀၃ ခုနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အလျားပေ ၁၂၀ သစ်သားတံတားကို ဆောင်ရွက်ပေးခဲ့ပြီး ယခုအခါ တံတားသက်တမ်းကြာမြင့်လာသည့်အတွက် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ကူးလူးဆက်သွယ်သွားလာနိုင်စေရန် သံကူကွန်ကရစ်တံတားအဖြစ် ပြောင်းလဲ၍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဂျပန်နိုင်ငံက Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် လက်ခံရရှိ



**တိုကျို ဖေဖော်ဝါရီ ၂၁**

ကာကွယ်ဆေးထိုးနှံမှု ပထမဦးစားပေးအစီအစဉ် အဖြစ် ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေသည့် ဂျပန်နိုင်ငံက ယနေ့တွင် Pfizer ကာကွယ်ဆေး ဒုတိယအသုတ် လက်ခံရရှိပြီဖြစ်သည်။

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် အလုံးရေ ၄၅၀၀၀၀ တိုကျိုမြို့တော် အနီး နာရီတာလေဆိပ်သို့ ယနေ့တွင် ရောက်ရှိလာခဲ့ သည်။ ဖေဖော်ဝါရီ ၁၂ ရက်က ဘယ်လ်ဂျီယံနိုင်ငံရှိ Pfizer စက်ရုံမှ ပထမအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၃၈၆၁၀၀ လက်ခံရရှိခဲ့သည့် ဂျပန်နိုင်ငံက ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ တွင် ကျန်းမာရေး လုပ်သား ၄၀၀၀၀ အတွက် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၉ ရက်အထိ ဆေးဘက်ဆိုင်ရာ အဆောက်အအုံ ၆၈ ခု၌ ကျန်းမာရေးဝန်ထမ်း ၅၀၁၉ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဖြစ်ကြောင်း ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာ ချောင်ချိရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ထမ်း ၄၀၀၀၀ အနက် ၂၀၀၀၀ သည် ကာကွယ်ဆေးထိုးနှံမှုကြောင့် ဖြစ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများ ခံရခြင်းအနည်းငယ်သည် လေ့လာမှုတစ်ခု တွင် ပါဝင်လျက်ရှိသည်။

မတ်လမှစ၍ ကာကွယ်ဆေးထိုးနှံပေးမည့်သူ များမှာ ဂျပန်နိုင်ငံတစ်ဝန်းရှိ ခန့်မှန်းခြေ ကျန်းမာရေး လုပ်သား ၄ ဒသမ ၇ သန်းဖြစ်သည်။ အသက် ၆၅ နှစ် အထက် ပြည့်သူ ၃၆ သန်းခန့်ကို ဧပြီလမှစ၍ ကာကွယ် ဆေးထိုးနှံပေးမည်ဖြစ်သည်။

**ကိုးကား-နစ်ကိုင်းအာရှရီဗျူး**
**ဘာသာပြန်-ကျော်ထိုက်စိုး**

■

# ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ မီးလောင်မှုဖြစ်ပွား၊ ငါးဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၂၁**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာ၌ ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ထိခိုက် ဒဏ်ရာ အများအပြားရရှိခဲ့ကြောင်း ယနေ့သတင်း များအရ သိရသည်။


အဆိုပါမီးလောင်မှုကြောင့် နေအိမ် ၃၀၀ ဝန်းကျင်ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်မှုကြောင့် သေဆုံးသူများအနက် သုံးနှစ် အရွယ်ကလေးတစ်ဦး၊ ရှစ်နှစ်အရွယ်ကလေးတစ်ဦး၊ ၁၀ နှစ်နှင့် ၁၂ နှစ်အရွယ် ကလေးနှစ်ဦးတို့ ပါဝင်ခဲ့ သည်။

အဆိုပါကလေးငယ်များသည် ဖခင်ဖြစ်သူနှင့် အတူ ၎င်းတို့၏နေအိမ်ရှိ ရေချိုးခန်းအတွင်း ပိတ်မိပြီး သေဆုံးခဲ့ကြခြင်းဖြစ်သည်။ မီးလောင်မှုမှာ ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းတွင် စတင်ခဲ့ပြီး ခြောက်နာရီကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း မီးသတ် ဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၎င်းတို့၏ အိမ်များဆုံးရှုံးပျက်စီးခဲ့သည့် မီးဘေး သင့် အိမ်ထောင်စု ၆၀၀ ကျော်အား ကယ်ဆယ်ရေး စခန်းများသို့ ပို့ဆောင်ထားကြောင်း သိရသည်။ အဆိုပါမီးလောင်မှု၏ အကြောင်းရင်းခံကို စုံစမ်း စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**





# အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းနီးပါးရှိလာ

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၂၁**

အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသန်းနီးပါးနှင့် သေဆုံးသူပေါင်း တစ်သိန်းကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း အာဖရိကရောဂါကာကွယ် ထိန်းချုပ်ရေးစင်တာက ယနေ့ပြောကြားခဲ့သည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် ရောဂါကူးစက်ခံရသူ ၃၈၁၉၅၇၆ ဦးရှိပြီး သေဆုံးသူ ပေါင်း ၁၀၀၉၉၃ ဦးရှိပြီဖြစ်သည်။

သို့သော် ရောဂါမှပြန်လည်ကျန်းမာလာသူ ၃၃၇၂၄၉၀ ရှိကြောင်း အဆိုပါအေဂျင်စီက ဆိုသည်။ အာဖရိကတိုက်တွင် အာဖရိကတောင်ပိုင်းဒေသ သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အဆိုးရွားဆုံး ခံစားရပြီး အာဖရိကမြောက်ပိုင်းဒေသသည် ရောဂါ ကူးစက်မှု ဒုတိယအများဆုံး ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု အဆိုးရွားဆုံးခံစား ရသည့် အာဖရိကနိုင်ငံများတွင် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့ ပါဝင်သည်။

တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ ၄၈၉၄၀ ရှိပြီး အာဖရိကနိုင်ငံ များအနက် သေဆုံးမှုအရေအတွက် အများဆုံးဖြစ် သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အီဂျစ်နှင့် စပိန်ရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်

**ကိုင်ရို ဖေဖော်ဝါရီ ၂၁**

အီဂျစ်နှင့် စပိန်နိုင်ငံတို့မှ ရေတပ်တပ်ဖွဲ့များသည် ပင်လယ်နီအတွင်း၌ ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ကြောင်း အီဂျစ်ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အီဂျစ်နှင့် စပိန်ရေတပ်ဖွဲ့များ၏ ပူးတွဲစစ်ရေး လေ့ကျင့်မှုကို မကြာသေးမီရက်များအတွင်း ဒုတိယ အကြိမ်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ ရက်ကလည်း နှစ်နိုင်ငံရေတပ်ဖွဲ့ များ၏ ပထမအကြိမ် စစ်ရေးပူးတွဲလေ့ကျင့်မှုကို ပင်လယ်နီအတွင်း၌ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

နှစ်နိုင်ငံရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှု တွင် ညပိုင်းသယ်ယူပို့ဆောင်မှု၊ မသင်္ကာဖွယ် ရေယာဉ်များအား ကင်းထောက်မှု၊ ရဟတ်ယာဉ်များ ရေယာဉ်များပေါ်ပျံသန်းဆင်းသက်မှု၊ ပူးတွဲပုံစံဖွဲ့ ခုတ်မောင်းမှု စသော လေ့ကျင့်မှုများပါဝင်မည်ဟု ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ယင်းရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အလွန်အရေးပါသော စစ်ရေးလေ့ကျင့်မှုအဖြစ် အီဂျစ် ကာကွယ်ရေးဌာနက ဖော်ပြပြီး အီဂျစ်နှင့် စပိန် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုက ဒေသတွင်း ပင်လယ်ရေကြောင်းသွားလာမှု လုံခြုံရေးနှင့် ဒေသ တည်ငြိမ်ရေးကို ထိန်းသိမ်းရန် အကျိုးသက်ရောက်မှု ရှိသည်ဟု ဖော်ပြသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**



# ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၂ ဒသမ ၈ သန်းကျော်ရှိသွားပြီဖြစ်

**ဆန်တီယာဂို ဖေဖော်ဝါရီ ၂၁**

ချီလီနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၃ ရက်တွင်စတင်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၂၈၂၇၀၉၁ ဦး ရှိသွားပြီဖြစ်ကြောင်း ချီလီအစိုးရက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများအနက် ၁၇၁၁၈၁၀ မှာ အသက် ၆၅ နှစ်ကျော် အသက်အရွယ်ရှိသူများဖြစ်ကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပေါလာဒါဇာက ပြောကြားခဲ့သည်။

"နိုင်ငံအတွင်းရှိ အသက် ၆၅ နှစ်ကျော် အသက်အရွယ်ရှိသူတွေရဲ့ ၆၇ ရာခိုင်နှုန်းကျော်ဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ပါတယ်။ လာမယ့်တစ်ပတ်အတွင်းမှာလည်း အသက် ၄၀ နဲ့ ၅၉ နှစ်အကြားရှိတဲ့ ကျောင်းဆရာ ဆရာမတွေကို ကာကွယ်ဆေးထိုးနှံမှု ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။



ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အသက် ၉၀ ကျော် အရွယ်ရှိသူများဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ချီလီနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအများစုမှာ တရုတ်ဆေးဝါးကုမ္ပဏီ Sinovac ထံမှရရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြစ်ပြီး ချီလီသမ္မတ ဆီဘက်စတီယန်ပီနဲရာနှင့် ကျန်းမာရေးဝန်ကြီး အင်းနရစ်ပဲရစ်တို့သည်လည်း တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချီလီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၉၃ ဦးနှင့် သေဆုံးသူ ၇၇ ဦး ရှိခဲ့ကြောင်းလည်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# မြို့တော် ဂျကာတာ၌ ရေကြီးရေလျှံမှုများကြောင့် ငါးဦးသေဆုံး

**ဂျကာတာ ဖေဖော်ဝါရီ ၂၁**

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၌ ယမန်နေ့ကစပြီး မိုးသည်းထန်စွာရွာသွန်းလျက်ရှိရာ ရေကြီးရေလျှံမှုများ ဒေသအများအပြား၌ ဖြစ်ပွားလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် ငါးဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

မိုးရွာသွန်းမှုများကြောင့် မြို့အတွင်းရှိ လူနေအိမ်များနှင့် လမ်းမကြီးများပေါ်တွင် ရေများဖုံးလွှမ်းပြီး ဒေသခံပြည်သူရာပေါင်းများစွာ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် မြို့တော်ဂျကာတာ တောင်ပိုင်းရှိ လူနေအိမ်တစ်ခုအတွင်း၌ ရေကြီးရေလျှံမှုများကြောင့် ပိတ်မိနေသည့် အသက် ၆၇ နှစ်အရွယ် အမျိုးသားတစ်ဦးအား သေဆုံးလျက်တွေ့ရှိခဲ့ရကြောင်း ဂျကာတာမြို့တော် သဘာဝဘေးအန္တရာယ်ထိန်းချုပ်ရေး အေဂျင်စီအကြီးအကဲ ဆဘ်ဒို ကာနီယာတိုက ပြောကြားခဲ့သည်။

ထို့ပြင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိစဉ် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း ကာနီယာတိုက ဆက်လက်ပြောကြားခဲ့သည်။

မိုးရာသီအတွင်း ရေကြီးရေလျှံမှုများ ဖြစ်လေ့ရှိသည့် လူဦးရေ သန်း ၃၀ ဝန်းကျင်နေထိုင်လျက်ရှိသော ဂျကာတာမြို့၌ လာမည့်ရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းနိုင်ဖွယ်ရှိကြောင်း အင်ဒိုနီးရှား မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက သတိပေးပြောကြားခဲ့သည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်နိုင်ငံထုတ် Coronavac ကာကွယ်ဆေး ပထမအသုတ် မက္ကဆီကိုနိုင်ငံ လက်ခံရရှိ

**မက္ကဆီကို ဖေဖော်ဝါရီ ၂၁**

မက္ကဆီကိုနိုင်ငံက ဖေဖော်ဝါရီ ၂၀ ရက်တွင် တရုတ်နိုင်ငံထုတ် Coronavac ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၀၀၀၀၀ လက်ခံရရှိခဲ့ပြီး တနင်္လာနေ့တွင် ရုရှားနိုင်ငံလုပ် Sputnik V ကာကွယ်ဆေး အလုံးရေ ၂၀၀၀၀၀ ရောက်ရှိမည်ဖြစ်သည်။

Coronavac ကာကွယ်ဆေးကို တရုတ်နိုင်ငံ Sinovac Life Sciences Co Ltd မှ ထုတ်လုပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဟူဂိုလိုပက်ဂါတဲလ်က ပြောကြားသည်။ ပြည်သူငါးသန်းကို ထိုးနှံပေးရန် မက္ကဆီကိုအစိုးရက Sinovac ဆေးဝါးကုမ္ပဏီမှ ကာကွယ်ဆေးအလုံးရေ ၁၀ သန်း ဝယ်ယူခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် နောက်ထပ် Coronavac ကာကွယ်ဆေးအလုံးရေ ၈၀၀၀၀၀ ရောက်ရှိမည်ဖြစ်ရာ ယခုလအတွင်း စုစုပေါင်းကာကွယ်ဆေးအလုံးရေ တစ်သန်းအထိ ရရှိမည်ဟု ၎င်းက ပြောသည်။ မတ်၊ ဧပြီနှင့် မေလအတွင်း မက္ကဆီကိုနိုင်ငံသို့ Coronavac ကာကွယ်ဆေး အလုံးရေသုံးသန်း ရောက်ရှိမည်ဖြစ်သည်။

ကာကွယ်ဆေး အလုံးရေ ၄၀၀၀၀၀ ကို လူနေထူထပ်ပြီး ကပ်ရောဂါဘေးသင့်မှုကြီးမားသည့် မက္ကဆီကိုမြို့တော်နှင့် မက္ကဆီကိုပြည်နယ်နေ သက်ကြီးပြည်သူများကို ထိုးနှံပေးမည်ဟု ၎င်းက ပြောသည်။

**ကိုးကား-ပရန်ဆာလာတီနာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**






# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၁၆ မျိုးအား စမ်းသပ်မှုပြုလုပ်ရန် တရုတ်အတည်ပြုပြီးဖြစ်

**ပေကျင်း ဖေဖော်ဝါရီ ၂၁**

တရုတ်နိုင်ငံသည် ပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၁၆ မျိုးကို ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုများ ပြုလုပ်ရန် အတည်ပြုထားပြီး ၎င်းတို့အနက် ကာကွယ်ဆေးခြောက်မျိုးကို တတိယအဆင့် စမ်းသပ်မှုပြုလုပ်လျက်ရှိကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ယနေ့ ပြောကြားသည်။

ထို့အပြင် ပြည်တွင်းဆေးဝါးကုမ္ပဏီများဖြစ်သည့် Sinopharm ဆေးဝါးကုမ္ပဏီထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac Biotech ဆေးဝါးကုမ္ပဏီထုတ် Corona Vac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးကို ယမန်နှစ် ဒီဇင်ဘာ ၃၀ ရက်နှင့် ယခုနှစ် ဖေဖော်ဝါရီ ၅ ရက်တို့တွင် နိုင်ငံအတွင်းအရေးပေါ်သုံးစွဲရန်အတွက် အသီးသီး အတည်ပြုခဲ့ကြောင်း သိရသည်။


တရုတ်အစိုးရသည် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် အဓိကလိုအပ်သော ပြည်သူများအား ဖေဖော်ဝါရီ ၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၀ ဒသမ ၅၂ ခန့် ထိုးနှံပေးခဲ့ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင် ပြောရေးဆိုခွင့်ရှိသူ မီဟင်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် စကော့မောရစ်ဆင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူ

**မဲလ်ဘုန်း ဖေဖော်ဝါရီ ၂၁**

ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် စကော့မောရစ်ဆင်သည် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ကြောင်းနှင့် ဩစတြေးလျနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။



### ယုံကြည်မှုပိုမိုရရှိစေရေး

ဝန်ကြီးချုပ် စကော့မောရစ်ဆင်သည် ဩစတြေးလျနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ယုံကြည်မှုပိုမိုရရှိစေရေးအတွက် ၎င်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို ယနေ့တွင် ရုပ်မြင်သံကြားမှ တစ်ဆင့် ပြသခဲ့သည်။

ဩစတြေးလျနိုင်ငံသည် လာမည့်သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၆၀၀၀၀ အနည်းဆုံးထိုးပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဆန့်ကျင်သည့် ဆန္ဒပြသူများက ယမန်နေ့တွင် စုဝေးဆန္ဒပြမှုများရှိခဲ့ကြောင်းလည်း သိရသည်။

### လက်ခံရရှိမည်

ဩစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် စတင်မည်ဖြစ်ပြီး လာမည့်သီတင်းပတ်များအတွင်း AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လက်ခံရရှိမည်ဖြစ်ကြောင်းလည်း ဩစတြေးလျကျန်းမာရေးဝန်ကြီး ဂရက်ဟွန့်က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၈၉၂၀ နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၉၀၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - အလင်းသစ်**



# အစ္စရေးနိုင်ငံ၌ ပြည်သူ ၄၉ ရာခိုင်နှုန်းကျော် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးနောက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ပြန်လည်ဖြေလျှော့

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၁**

အစ္စရေးနိုင်ငံသည် ပြည်သူ ၄၉ ရာခိုင်နှုန်းကျော်အား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးချိန်တွင် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရခြင်းနှင့် သေဆုံးခြင်းတို့ကို ကြိုတင်ကာကွယ်ရာတွင် ၉၅ ဒသမ ၈ ရာခိုင်နှုန်းအထိ အကျိုးရှိထိရောက်မှုရှိကြောင်း လေ့လာသုံးသပ်သူများက ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ပြန်လည်ဖြေလျှော့ပေးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ စျေးဆိုင်များ၊ စာကြည့်တိုက်များနှင့် ပြတိုက်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး လူမှုဘဝ ခပ်ခွာခွာနေထိုင်ခြင်းနှင့် နှာခေါင်းစည်းများတပ်ဆင်ခြင်းကိုမူ ဆက်လက်ဆောင်ရွက်စေရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းမှာ ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိခြင်း၏ ပထမအဆင့်ဖြစ်ကြောင်းလည်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်မှုနှုန်း အမြင့်ဆုံးဖြစ်ပြီး လက်ရှိတွင် နိုင်ငံလူဦးရေ၏ ၄၉ ရာခိုင်နှုန်းကျော်အား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

လာမည့်သီတင်းနှစ်ပတ်ကျော်ကာလအတွင်း အသက် ၅၀ ကျော်အရွယ်ရှိ အစ္စရေးပြည်သူများ၏ ၉၅ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်းလည်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၁၇၂၄၃၀၃ | ဦး |
| သေဆုံးသူ | ၂၄၇၃၆၈၈ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၆၈၉၆၃၉၆ | ဦး |

# Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် မလေးရှား လက်ခံရရှိ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၁**

မလေးရှားနိုင်ငံသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို ယနေ့လက်ခံရရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်မှုစွမ်းရည် တိုးမြှင့်စေတော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် အလုံးရေ ၃၁၂၃၉၀ ခန့် တင်ဆောင်လာသော လေယာဉ်သည် ကွာလာလမ်ပူမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့အစောပိုင်းက ရောက်ရှိလာခဲ့ပြီး မလေးရှားတာဝန်ရှိသူများက သွားရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

မလေးရှားအစိုးရသည် နိုင်ငံအတွင်း ပထမအဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ ဆောင်ရွက်ရန် စီစဉ်ထားပြီး မလေးရှားဝန်ကြီးချုပ် မူဟာစ်ဒင်ယာဆင်က ပထမဦးဆုံးအဖြစ် ကာကွယ်ဆေးထိုးနှံမှုခံယူမည်ဖြစ်ကြောင်း မလေးရှားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဝန်ကြီး ခေရီဂျမားလုဒင်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံသည် တရုတ်ဆေးဝါးကုမ္ပဏီထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း ဖေဖော်ဝါရီ ၂၇ ရက်တွင် လက်ခံရရှိမည်ဖြစ်သလို အခြားကာကွယ်ဆေးများကို နောက်ပိုင်းတွင် ဆက်လက် လက်ခံရရှိရန် စီစဉ်ထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

မလေးရှားအစိုးရသည် ယခုနှစ် ဖေဖော်ဝါရီလအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကုမ္ပဏီငါးခုမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၆၆ ဒသမ ခုနစ်သန်းခန့်ရရှိရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သော COVAX အစီအစဉ်မှတစ်ဆင့် အခွင့်အရေးရရှိထားပြီး နိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

မလေးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု တရားဝင်စတင်ရာတွင် အဆင့်သုံးဆင့်ဖြင့် ထိုးနှံပေးရန် စီစဉ်ထားသည်။ ပထမအဆင့်တွင် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လူဦးရေငါးသိန်းခန့်ကို ပထမဦးစားပေးအနေဖြင့် ထိုးနှံပေးရန် စီစဉ်ထားသည်။ ထို့အတူ ဒုတိယအဆင့်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖွယ် အန္တရာယ်များသော ပြည်သူများကို ထိုးနှံပေးမည်ဖြစ်ပြီး တတိယအဆင့်တွင် အသက် ၁၈ နှစ်နှင့်အထက်ရှိ ပြည်သူအားလုံးကို လာမည့်နှစ် ဖေဖော်ဝါရီလအထိ နောက်ဆုံးထား၍ အပြီးသတ်ထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၀ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၃၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၇၇၈၁၁ ဦး ရှိလာခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၃ ဦး ထပ်မံသေဆုံးခဲ့သဖြင့် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၀၄၃ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# ဖျာပုံမြို့မဈေးမီးလောင်မှုတွင် ဈေးဆိုင်ခန်း ၂၁၃ ခန်း မီးလောင်ဆုံးရှုံး

**ဖျာပုံ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၂) ရပ်ကွက် ပထမလမ်းရှိ မြို့မ(၂)ထပ် ဈေးကြီး၌ ယမန်နေ့ ညနေ ၃ နာရီခန့်က မြို့မ(၂)ထပ်ဈေးကြီး အပေါ်ထပ် အတွင်းဘက်ရှိ ဆိုင်ခန်း(စိစစ်ဆဲ)မှ ဈေးပိတ်သိမ်းပြီးနောက်ပိုင်း မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မိုးမြင့်ဇော်ပါ အရာရှိ ၁၁ ဦး၊ အခြားအဆင့် ၃၀၊ ဖျာပုံခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝေပါ သန္နဗ္ဗမီးသတ်တပ်ဖွဲ့ဝင် အရာရှိ လေးဦး၊ အခြားအဆင့် ၄၀၊ ခရိုင်/ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူများက ဖျာပုံမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ အပေါ့စားစက် ငါးလုံး၊ ဘိုကလေးမြို့နယ်မှ သန္နဗ္ဗမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ အပေါ့စားစက်တစ်လုံး၊ ကျိုက်လတ်မြို့နယ်မှ သန္နဗ္ဗမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် တစ်စီး၊ အပေါ့စားစက် တစ်လုံး၊ ဒေးဒရဲမြို့နယ်မှ သန္နဗ္ဗမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ အပေါ့စားစက် တစ်လုံး၊ မအူပင်မြို့နယ်မှ သန္နဗ္ဗမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ အပေါ့စားစက် တစ်လုံး၊ ကွမ်းခြံကုန်းမြို့နယ်မှ သန္နဗ္ဗမီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ အပေါ့စားစက် တစ်လုံး စုစုပေါင်း သန္နဗ္ဗမီးသတ်တပ်ဖွဲ့ဝင် ၁၀၁ ဦး၊ မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ် သုံးစီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခန့်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ၅ နာရီ ၁၀ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ကာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းနိုင်ခဲ့သည်။

မြို့မဈေးကြီးကို လွန်ခဲ့သော နှစ် ၃၀ ခန့်က ဆောက်လုပ်ခဲ့ပြီး အာစီတိုင်၊ ကွန်ကရစ်ခင်း/ အပေါ်ထပ် ပျဉ်ခင်း၊ သွပ်မိုး၊ အလျား ပေ ၁၈၀၊ အနံ ပေ ၁၂၀ ရှိပြီး မီးလောင်ရခြင်းမှာ ဈေးဆိုင်ခန်းများ ပတ်လမ်း မျက်နှာကြက်တွင် သွယ်တန်းထားသော ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ အပေါ်ထပ် (B)ရှိ မျက်နှာကြက်အား မီးစတင်လောင်ကျွမ်းခဲ့ပြီး အလျား ပေ ၁၈၀၊ အနံ ပေ ၁၂၀၊ အမြင့် ၂၅ ပေ ရှိ(၂)ထပ်ဈေးကြီးအတွင်း အပေါ်ထပ် (B)ရှိ ဈေးဆိုင်ခန်း ၁၂၂ ခန်း၊ အောက်ထပ် (A)ရှိ ဈေးဆိုင်ခန်း ၉၁ ခန်း စုစုပေါင်း ၂၁၃ ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုနှင့် ပတ်သက်၍ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး ဖျာပုံမြို့မရဲစခန်းက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၄ နာရီခွဲတွင် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ဝါရာဇွပ်ကျေးရွာအုပ်စု ရှာဒူဇွပ်ကျေးရွာအနီး၌ နေလင်းဦး မောင်းနှင်ပြီး ကျော်လင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅ ပြားတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ ၄၅ မိနစ်တွင် စံပြကျေးရွာနေ သန်းကြည်ထံမှ ဘိန်းဖြူ သုည ဒသမ ၀၅၄ ကီလိုကို လည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီခွဲတွင် ရှာဒူဇွပ်ကျေးရွာနေ ဝင်းဇော်(ခ) မောင်ပုထံမှ ဘိန်းဖြူ သုည ဒသမ ၁၂၆ ကီလိုနှင့် မြန်မာငွေကျပ် ၄၃၀၀၀၀ တို့ကို လည်းကောင်း၊ အလားတူ ညနေ ၆ နာရီတွင် စံပြကျေးရွာနေ ဆန်းဝင်းထံမှ ဘိန်းဖြူ ၃ ဒသမ ၇၇၁ ကီလိုနှင့် မြန်မာငွေကျပ် ၁၅၀၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီတွင် မြစ်ကြီးနားမြို့နယ် အကြဲကျေးရွာအနီး မြစ်ကြီးနား-နမ္မတီးသွားကားလမ်းတွင် ဇော်ဦး မောင်းနှင်ပြီး ညိုဆန်း (ခ)နေဆန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး အလားတူ ညနေ ၅ နာရီခွဲတွင် မြစ်ကြီးနားမြို့ ယုဇန ရပ်ကွက် စိမ်းမြရောပန်းခြံအတွင်း၌ မသင်္ကာဖွယ်တွေ့ရှိသူ ကျော်စွာလင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀ ကိုလည်းကောင်း၊ အလားတူ ထိုနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မူဆယ်မြို့ ကောင်းမူးတုံ ရပ်ကွက် နတ်စင်လမ်းသွယ်နေ သာဟန်၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၊ Ecstasy ဆေးပြား ၇၅၀၊ ကတ်တမင်း သုည ဒသမ ၀၂ ကီလို၊ အိုက်စ် သုည ဒသမ ၀၁၈ ကီလိုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သာစည်မြို့နယ်၌ ငွေကျပ် ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

သာစည်မြို့နယ်၌ ငွေကျပ် ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**စစ်ဆေးရှာဖွေ**

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး၌ သတင်းအရ ခင်မောင်ထွန်း(ခ)သိန်းဝင်း မောင်းနှင်လာသည့် NISSAN DIESEL ခြောက်ဘီး မော်တော်ယာဉ်နှင့် ရှေ့ပြေးယာဉ်အဖြစ် ကျော်ဇေယျ မောင်းနှင်လာသည့် LANDCRUISER မော်တော်ယာဉ်တို့ကို စစ်ဆေးရှာဖွေရာ ခြောက်ဘီးမော်တော်ယာဉ်ပေါ်မှ ငွေကျပ် ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ဒသမ ၇၃၂ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျော်ဇေယျ တည်းခိုနေထိုင်သည့် မိတ္ထီလာမြို့ ကျွဲတလင်းကျေးရွာရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြားနှင့် မော်တော်ယာဉ်တစ်စီးတို့ကို ထပ်မံ သိမ်းဆည်းရမိခဲ့ကြောင်း၊ သိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများကို အိုက်စိုင်း(ခ) စိုင်းနောင့်က ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက် တရားခံများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြိတ်မြို့၌ ၂၂ ဘီးကုန်တင်ယာဉ် ချောက်အတွင်းပြုတ်ကျ၍ ယာဉ်မောင်းသေဆုံး

**မြိတ် ဖေဖော်ဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကျောက်ဖျာကျေးရွာ ခရုရုပ်အနီး ဂတ်တောင်အဆင်းကွေ့၌ ယမန်နေ့ နံနက် ၁ နာရီက ရန်ကုန်မြို့မှ မြိတ်မြို့သို့ ကြက်စာအိတ်များတင်ဆောင်၍ ဦးဇော်ဇော်လတ် မောင်းနှင်လာသော ကုန်တင်ယာဉ်သည် အရှိန်းမထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေး ချောက်အတွင်းသို့ ပြုတ်ကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးဇော်ဇော်လတ်တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ ဦးဇော်ဇော်လတ်အား မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဝန်ထမ်းကောင်းတစ်ဦးဆိုရာဝယ် . . .

**မိုးမခ**

ဝန်ထမ်းတစ်ဦး၏ ဘဝရည်မှန်းချက်သည် အငြိမ်းစားယူပြီးသည့်ကာလတွင် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် ခဲ့သည်ဆိုသည့် ဂုဏ်သိက္ခာတစ်ရပ် ကျန်ရှိရေးပင်ဖြစ်သည်။ ဝန်ထမ်းတစ်ဦးအတွက် ပေးအပ်သည့်တာဝန်ကို ကျေပွန်ခြင်း၊ နိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးကို စွမ်းဆောင်နိုင်ခဲ့ခြင်းနှင့် သစ္စာစောင့်သိခြင်းဟူသည့် အခြင်းအရာများကသာ ဘဝတစ်လျှောက် သယ်ဆောင်သွားရမည့် ဂုဏ်အရည်အချင်းများပင် ဖြစ်ပေသည်။

ပတိရူပဒေသဝါသောစ သင့်တော်သောအရပ်၌ နေထိုင်ခြင်းဟူသည့် မင်္ဂလာတရားတော်အရ နေထိုင်ရေး မင်္ဂလာ (၃) ပါးထဲတွင် ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့ သင့်ရာဒေသအမြဲနေဟူသည့်အချက်သည် တစ်ချက်အပါအဝင် ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦး၏ဘဝသည် ပြည်သူကို ဝန်ဆောင်မှုပေးခြင်း၊ နိုင်ငံနှင့် နိုင်ငံသား၏ အကျိုးကို သယ်ပိုးခြင်းတည်းဟူသောအချက်ကြောင့် ကုသိုလ်နေ့စဉ်ရပါသည်။ ဝန်ထမ်းဘဝတွင် လုပ်ငန်းနှင့်သက်ဆိုင်သော ပညာရပ်များကို အစဉ်လေ့လာဆည်းပူးနေရသဖြင့် ပညာလည်းရပါသည်။ ဝန်ထမ်းဘဝတွင် ရာထူးအလိုက် လစာနှင့်အဆောင်အယောင်ဟူသော ဥစ္စာများလည်းရရှိသဖြင့် ကုသိုလ်၊ ပညာ၊ ဥစ္စာတည်းဟူသော အရာများရရှိရန် သင့်တင့်လျောက်ပတ်သော အလုပ်တစ်ခုဖြစ်သည်ဟု စာရေးသူယူဆပါသည်။ အချို့သော ရာထူးဌာနများတွင် လစာနှင့် မလျော်ညီသော ဥစ္စာဓနများ ရရှိစုဆောင်းနိုင်မည်ဖြစ်သော်လည်း အများစုသော ဝန်ထမ်းများသည် ရရှိသည့် လစာငွေနှင့် သင့်တင့်လျောက်ပတ်အောင် ရောင့်ရဲသုံးစွဲကာ ဘဝကို ဂုဏ်သိက္ခာရှိရှိ ဖြတ်သန်းရှင်သန်နေကြသူများ ဖြစ်ပါသည်။

**ဝန်ထမ်းလုပ်သက်**

စာရေးသူသည် လူ့ဘဝသက်တမ်း (၅၀) ကျော် ဖြတ်သန်းခဲ့ပြီး ဝန်ထမ်းလုပ်သက် (၃၀) ကျော်ခဲ့ပြီ ဖြစ်သဖြင့် ဘဝ၏ အကောင်းဆုံးအရွယ်ကို လုပ်ငန်းခွင်ထဲတွင်ပင် ကုန်ဆုံးဖြတ်သန်းခဲ့သူတစ်ဦး ဖြစ်ပါသည်။ လုပ်သက်များလာသည်နှင့်အမျှ နိုင်ငံရေးအလှည့်အပြောင်းများ၊ ခေတ်စနစ်အပြောင်းအလဲများကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသလို ကိုယ်တိုင်ပါဝင်ဖြတ်သန်းခဲ့ရသည့် အဖြစ်အပျက်များလည်း များလှပြီဖြစ်သည်။ မျက်လှည့်ပြသလို ဖျတ်ခနဲပြောင်းလဲသွားသည့် အရာများရှိသလို အစီအစဉ်တကျ စည်းစနစ်ရှိရှိ ပြောင်းလဲခဲ့သည့် အရာများလည်း ဒုနဲ့ ဒေးပင်။ မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာခဲ့သည့် အရာများရှိသလို မျှော်လင့်မထားဘဲ ဖြစ်လာခဲ့သည့်အရာများလည်း အများအပြားပင်။ မည်သို့ပင်ဆိုစေကာမူ စာရေးသူအပါအဝင် ဝန်ထမ်းအများစုသည်ကား ဖြစ်လာသည့်အပြောင်းအလဲများ ရွေ့လျားမှုများအားလုံးတွင် စည်းကမ်းတကျ တာဝန်ကျေကျေနှင့် လုပ်ဆောင်ဖြတ်သန်းခဲ့သည်ပင် ဖြစ်သည်။

နိုင်ငံတကာက အံ့သြရသည့် နိုင်ငံရေးအပြောင်းအလဲများတွင်ပင် စာရေးသူတို့ ဝန်ထမ်းများသည် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြသလို ကျရာကဏ္ဍတွင် စွမ်းဆောင်မှုပြခဲ့ကြသည်။ အချို့သော အပြောင်းအလဲများသည် အသားကျနေသော ဝန်ထမ်းတချို့အတွက် လိုက်ပါရန် ခက်ခဲကောင်းခက်ခဲမည်ဖြစ်သော်လည်း အားလုံးကြိုးစားစွမ်းဆောင်ခဲ့ကြသည်မှာ ဝန်ထမ်းတိုင်း၏ ဘဝသမိုင်းတွင် ဂုဏ်ယူစရာတစ်ခုအဖြစ် ရှိနေခဲ့မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဝန်ထမ်းဦးရေ ၁ သန်းကျော်ရှိပြီး ထိုဝန်ထမ်းများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းမှုဖြစ်စဉ်တွင် နက်နဲသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ရှုပ်ထွေးခက်ခဲသော အသွင်ကူးပြောင်းရေးဆိုင်ရာ လိုအပ်ချက်များကို အစိုးရက ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အထောက်အကူပြုပေးခဲ့ကြသည်။ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှု ရှေ့ဆက်ဖြစ်ပေါ်ရေးနှင့် အစိုးရအပေါ် ယုံကြည်မှုတိုးမြှင့်ရေးတွင်လည်း ကောင်းမွန်စွာ ဆောင်ရွက်ခဲ့ကြပြီး အများပြည်သူဝန်ဆောင်မှုများကို ထိရောက်စွာ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြကြောင်း ယခင်နှစ် ဆောင်ရွက်ချက်များက သက်သေပင်ဖြစ်သည်။ ၂၀၁၁-၂၀၁၅ ဒီမိုကရေစီ အသွင်ကူးပြောင်းကာလတွင် ကောင်းစွာလိုက်ပါခဲ့ကြသလို ယခင် အစိုးရလက်ထက်တွင်လည်း ညီညွတ်စွာ တာဝန်ကျေပွန်ခဲ့ကြသည်။ အစိုးရအဆက်ဆက် မည်သို့ပင်ပြောင်းလဲစေကာမူ ဝန်ထမ်းများက ကျင့်ဝတ်စည်းကမ်းနှင့်အညီ ခံစားမှုကို ရှေ့တန်းမတင်ဘဲ ပညာရှင်ပီသစွာ တာဝန်ကျေခဲ့ကြသည်။

**အပြောင်းအလဲကြီး တစ်ရပ်**

သို့သော် ယခု ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ မျှော်လင့်မထားသည့် အပြောင်းအလဲကြီးတစ်ရပ် ကြုံတွေ့ခဲ့ရပြန်သည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာ ခေတ္တလွှဲအပ်တာဝန်ပေးထားသည့် အခြေအနေများကြုံတွေ့ခဲ့ရပြီး မြန်မာနိုင်ငံအတွင်း သဘောထားကွဲလွဲမှုများ၊ မတည်ငြိမ်မှုများ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ကြရသည်။ ထိုအဖြစ်အပျက်သည် ပြည်သူများ၏ နေ့စဉ်ဘဝကို လှုပ်ရှားမှုများ ဖြစ်ပေါ်စေခဲ့သလို ဝန်ထမ်းများ၏ဘဝကိုလည်း အပြောင်းအလဲများ ဖြစ်ပေါ်လာစေခဲ့သည်။ ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဆိုသည့် ဝန်ထမ်းများကို Civil Disobedience Movement တွင် ပါဝင်ကြရန် စည်းရုံးလှုံ့ဆော်သည့်အတွက် အချို့သောဝန်ထမ်းများက အဆိုပါ လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် နိုင်ငံရေးလှုပ်ရှားမှုများတွင် မပါဝင်သည့် ဝန်ထမ်းများကိုလည်း လူမှုစာမျက်နှာများတွင် ရေးသားအရှက်ခွဲခြင်းနှင့် ဝန်ထမ်းများ တာဝန်ထမ်း

**လူတိုင်းတွင် မိမိယုံကြည်ရာကို ဆောင်ရွက်ခွင့်ရှိခြင်းသည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေး ဖြစ်သည်။ သို့သော် လူတိုင်း၏ဘဝများကို စည်းဟူသော အနားသတ်၊ ကမ်းဟူသော အနားသတ်များ ရှိစေရန်အတွက် စည်းကမ်းတည်းဟူသော ဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်များ ပြဋ္ဌာန်းကန့်သတ်ထားရှိခဲ့ပေသည်။ နိုင်ငံသားတိုင်းအတွက် လိုက်နာရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များရှိသလို ဝန်ထမ်းများသည်လည်း နိုင်ငံသားတိုင်းလိုက်နာရမည့် ဥပဒေများကို လိုက်နာရသလို သီးခြားလိုက်နာရမည့် ဥပဒေများ ကျင့်ဝတ်များကိုလည်း လိုက်နာရ။**

**လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၈) (ခ)တွင် မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရိုသေလေးစားစေရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် တရားမျှတစွာ ကျင့်ဆောင်ရန်အလို့ငှာလည်းကောင်း ဥပဒေဘောင်အတွင်းဖြစ်ရမည်ဟု ပြဋ္ဌာန်းထားပေရာ ဝန်ထမ်းတစ်ဦး၏ဆန္ဒအလျောက် ရုံးလုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းကို နှောင့်ယှက်တားဆီးခြင်းသည် လူတစ်ဦး၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အသိအမှတ်မပြုရာရောက်သလို တရားမျှတမှုနှင့် သွေဖည်ရာလည်းရောက်ပါသည်။ ဒီမိုကရေစီ၏ စံနှုန်းများတွင်လည်း နိုင်ငံရေးဆိုင်ရာသည်းခံစိတ်ရှိမှု၊ တာဝန်ယူမှု၊ လူ့အခွင့်အရေးထိန်းသိမ်းမှု၊ ဥပဒေကို လေးစားလိုက်နာမှု စသည့်အချက်များလည်း ပါဝင်နေပေရာ ယနေ့ခေတ်တွင် မိမိနှင့်အယူအဆမတူညီမှုကြောင့် အခြားသူတစ်ဦး၏ အခွင့်အရေးကို ဖိနှိပ်ခြင်း၊ စွက်ဖက်ခြင်းသည်လည်း လူမှုအဖွဲ့အစည်း၏ ကောင်းမွန်သောအမူအကျင့်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ။**

ဆောင်ရာနေရာဌာနများသို့ သွားရောက်ကာ ရှုတ်ချသည့် အပြောအဆိုများဖြင့် ဖိအားပေးနှိပ်ကွပ်နေမှုများ များစွာဖြစ်ပေါ်နေသည့်အတွက် ဝန်ထမ်းအများစုမှာ စိတ်နှလုံးညှိုးချုံးနေရမှု၊ ကြောက်လန့်စိတ်ဖိစီးမှုများ ကြုံတွေ့ခံစားနေကြရသည်။ ထို့မှမက Civil Disobedience Movement တွင် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ပါဝင်ဆောင်ရွက်နေသည့် အတွက် ဒေသတွင်း ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍများတွင် အဆင်မပြေမှုများ ကြုံနေရသည်ကို စိတ်နှလုံးမချမ်းမြေ့စရာ ကြားသိနေရပါသည်။ ထို့ကြောင့် ဆေးရုံများရှိ Civil Disobedience Movement လှုပ်ရှားနေသည့် ကျန်းမာရေးဝန်ထမ်းများကို ရပ်ရွာလူထုက ပြန်လည်ဆန့်ကျင်တောင်းဆိုသည့် လှုပ်ရှားမှုများကြုံတွေ့နေရပေသည်။ ထို့ပြင် Civil Disobedience Movement လှုပ်ရှားမှုတွင် မပါဝင်သည့် ဝန်ထမ်းများကို ဖိအားပေးနှောင့်ယှက်မှုများရှိနေသည့်အတွက် ထိုသို့ဖြစ်ပေါ်လာလျှင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များသို့ ဖုန်းဖြင့် ဆက်သွယ်တိုင်ကြားမှုများလည်း အများအပြားရှိလာခဲ့သည်။

လူတိုင်းတွင် မိမိယုံကြည်ရာကို ဆောင်ရွက်ခွင့်ရှိခြင်းသည် နိုင်ငံသားတိုင်း၏ မွေးရာပါအခွင့်အရေးဖြစ်သည်။ သို့သော် လူတိုင်း၏ဘဝများကို စည်းဟူသော အနားသတ်၊ ကမ်းဟူသော အနားသတ်များရှိစေရန်အတွက် စည်းကမ်းတည်းဟူသော ဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်များပြဋ္ဌာန်း ကန့်သတ်ထားရှိခဲ့ပေသည်။ နိုင်ငံသားတိုင်းအတွက် လိုက်နာရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အတူ တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များရှိသလို ဝန်ထမ်းများသည်လည်း နိုင်ငံသားတိုင်းလိုက်နာရမည့် ဥပဒေများကို လိုက်နာရသလို သီးခြားလိုက်နာရမည့် ဥပဒေများ ကျင့်ဝတ်များကိုလည်း လိုက်နာရပါသည်။

**ဝန်ထမ်းကျင့်ဝတ်**

စာရေးသူတို့ ဝန်ထမ်းဘဝစခဲ့ချိန်က ဝန်ထမ်းကျင့်ဝတ်ဆိုသည့် လက်တစ်ဝါးအရွယ် စာအုပ်လေးတစ်အုပ်ရခဲ့သည်။ ဆရာက တစ်သက်လုံးစာ ကျင့်ကြံလိုက်နာရမည့်ကျင့်ဝတ်ဟု ဆိုဆုံးမခဲ့ဖူးတာ အမှတ်ရသည်။ စာအုပ်၏အမှာတွင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြသူများ ဖြစ်ကြကြောင်း၊ နိုင်ငံရေး၊ စီးပွားရေးစနစ်များ အစိုးရအဖွဲ့များ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါကြောင်း ညွှန်းဆိုထားပြီး နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာစေနိုင်ရန်အလို့ငှာ မူလအခြေခံနည်းဥပဒေများ၊ နောက်ဆက်တွဲနည်းဥပဒေများ၊ မြို့ပြဝန်ထမ်းစည်းမျဉ်းများတို့မှ ထုတ်နုတ်ဘာသာပြန်ထားသည့် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာကောက်နုတ်ချက် စာစောင် (၁၉၈၄)၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲ (၁၉၈၅)၊ အစိုးရဝန်ထမ်းများ ကျင့်ဝတ်နည်းဥပဒေများတို့ပါ ဖော်ပြချက်များအနက်မှ ဝန်ထမ်းများသိရှိလိုက်နာကျင့်သုံးနိုင်ရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်သည်။ ထိုကျင့်ဝတ်စာအုပ်တွင် ဝန်ထမ်းတိုင်း လိုက်နာဆောင်ရွက်ရမည့်အချက်များကို တိတိကျကျ ပြုစုထားပြီးဖြစ်ပါသည်။ ထို့မှမက ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများတွင်လည်း ရှင်းလင်းတိကျစွာ ဖော်ပြပါရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ဝန်ထမ်းတစ်ဦးအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခြင်း မဟုတ်သလို ပြည်သူများအပေါ်မရိုသေ မလေးစားခြင်းလည်း မဟုတ်ပေ။

ထို့ပြင် လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၂၈) (ခ)တွင် မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရိုသေလေးစားစေရန် အလို့ငှာ လည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် တရားမျှတစွာ ကျင့်ဆောင်ရန် အလို့ငှာ လည်းကောင်း ဥပဒေဘောင်အတွင်းဖြစ်ရမည်ဟု ပြဋ္ဌာန်းထားပေရာ ဝန်ထမ်းတစ်ဦး၏

**စာမျက်နှာ ၁၆ သို့ ■**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိလည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိလည်းကောင်း နံနက်ပိုင်းသုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

**ဖွင့်လှစ်ထားရှိ**

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

■ စာမျက်နှာ ၁၅ မှ

ဆန္ဒအလျောက် ရုံးလုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းကို နှောင့်ယှက်တားဆီးခြင်းသည် လူတစ်ဦး၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အသိအမှတ်မပြုရာရောက်သလို တရားမျှတမှုနှင့် သွေဖည်ရာလည်း ရောက်ပါသည်။ ဒီမိုကရေစီ၏စံနှုန်းများတွင်လည်း နိုင်ငံရေးဆိုင်ရာ သည်းခံစိတ်ရှိမှု၊ တာဝန်ယူမှု၊ လူ့အခွင့်အရေး ထိန်းသိမ်းမှု၊ ဥပဒေကို လေးစားလိုက်နာမှု စသည့်အချက်များလည်း ပါဝင်နေပေရာ ယနေ့ခေတ်တွင် မိမိနှင့် အယူအဆမတူညီမှုကြောင့် အခြားသူတစ်ဦး၏ အခွင့်အရေးကို ဖိနှိပ်ခြင်း၊ စွက်ဖက်ခြင်းသည်လည်း လူမှုအဖွဲ့အစည်း၏ ကောင်းမွန်သောအမူအကျင့်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပေသည်။

**ဝန်ထမ်းများ၏ ဖြောင့်မတ်တည်ကြည်မှု**

လူတို့၏ သဘောသဘာဝအရ မိမိတို့အယူအဆ မိမိတို့ သဘောထား အယူအဆအပေါ်တည်၍ မိမိတို့မြင်သလို မိမိတို့ အကျိုးစီးပွားနှင့် ကိုက်ညီလျှင် ကိုက်ညီသလို၊ မကိုက်ညီလျှင် မကိုက်ညီသလို ကောက်ချက်ချကာ ဝေဖန်ပြစ်တင်ခြင်း၊ ချီးမွမ်းအားပေးခြင်းတို့က ရှိမြဲသာဖြစ်သည်ကို စာရေးသူအနေဖြင့် ကောင်းစွာ နားလည်သဘောပေါက်ပါသည်။ သို့သော် ယနေ့ ရုံးတက်နေရကြသည့်ဝန်ထမ်းများတွင် ယခင်ကာလက ဝန်ထမ်းစည်းမျဉ်းနှင့်အညီ အစွန်းအထင်းမရှိနေထိုင်ခဲ့သည့် ဝန်ထမ်းများလည်းပါနိုင်သည်။ ထိုဝန်ထမ်းများ၏ ဖြောင့်မတ်တည်ကြည်မှုကို လေးစားသင့်ပါသည်။ ထို့ပြင် မိသားစု အခက်အခဲကြောင့် စိတ်သွားရာနောက် ကိုယ်မပါနိုင်သည့် ဝန်ထမ်းများလည်း ရှိကောင်းရှိမည်။ ထိုဝန်ထမ်းများ၏အခက်အခဲများကိုလည်း စာနာနားလည်သင့်ပါသည်။ အသက်အရွယ်နှင့် အတွေ့အကြုံအရ အသိအမြင်မတူကြသည့် ဝန်ထမ်းများလည်း ပါကောင်းပါမည်။ ထိုဝန်ထမ်းများ၏ ရပ်တည်ချက်ကိုလည်း ပြည်သူများက အပြန်အလှန် နားလည်သင့်ပါသည်။ ထို့ကြောင့် ယနေ့အချိန်အထိ နိုင်ငံတော်ကို မျက်နှာမူကာ ကျင့်ဝတ်နှင့် စည်းကမ်းများကို လေးစားလိုက်နာပြီး ပါတီနိုင်ငံရေးကင်းရှင်းကာ မိမိတို့ရပ်တည်ချက်အတိုင်း မမှိတ်မသုန် လျှောက်လှမ်းနေသည့် ဝန်ထမ်းများအတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ လွတ်လပ်လုံခြုံစွာ အသက်ရှင်သန်လှုပ်ရှား နေထိုင်ခွင့်ရှိနိုင်ရေးအတွက် ပြည်သူများအပေါ် ဝန်ထမ်းအားလုံးကိုယ်စား စာရေးသူက လေးနက်စွာ တောင်းဆိုဆန္ဒပြုလိုက်ရပါသည်။ ။




---

# ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။



**သွားရောက်ပေးအပ်**

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ဘိုခြံရပ်ကွက်၊ ၂-ခ ရပ်ကွက်၊ ဈေးရပ်ကွက်၊ အနန်းပင်ရပ်ကွက်၊ မှော်ဘီမြို့နယ် လှည်းငုတ်ချောင်းကျေးရွာ(အရှေ့)၊ လှည်းငုတ်ချောင်းကျေးရွာ(အနောက်)၊ ကုလားကြီးကုန်းကျေးရွာ၊ သရက်ညိုပြင်ကျေးရွာနှင့် ရေကျော်ကျေးရွာတို့ရှိ အိမ်ထောင်စု ၅၅၀၀ တို့အတွက် ဆန်နှင့် ဆီများကို ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မှင်ပင်ကျေးရွာ၊ အမရပူရမြို့နယ်နှင့် ကြည့်မြင်တိုင် ကျေးရွာအုပ်စု မြင်တော်ကျေးရွာတို့ရှိ အိမ်ထောင်စု ၁၁၀၀ တို့အတွက် ဆန်နှင့် ဆီများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်



အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်ထိန်းသိမ်း စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၊ ကျောက်ကြီးမြို့ သံဘိုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အခြေခံပညာမူလတန်းကျောင်း၊ မုံးမြို့ အမှတ်(၄) ရပ်ကွက်နှင့် ရှမ်းပိုင်းတို့ရှိ အခြေခံပညာအလယ်တန်းကျောင်း၊ တုံတော ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# “ပြည်သူသို့ မေတ္တာရပ်ခံချက်”

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့ အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

○ ဆားဘီးယားမှ

မဲလ်ဘုန်းမြို့မှာ ကျင်းပခဲ့တဲ့ ဩစတြေးလျအိုးပင်းအမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲစဉ်တွေမှာ တစ်ကြိမ်တစ်ခါမှ ရှုံးနိမ့်ခဲ့ဖူးခြင်းမရှိတဲ့ မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ကမ္ဘည်းထိုးနိုင်ခဲ့တာဖြစ်ပါတယ်။

**အရှုံးနဲ့သာ ကျေနပ်ခဲ့ရ**

ရုရှားတင်းနစ်ကစားသမား မက်ဗီဒက်ဗ်ကတော့ သူ့ရဲ့နောက်ဆုံးကစားခဲ့ရတဲ့ ဂရန်းဆလမ်းဗိုလ်လုပွဲနှစ်ကြိမ်စလုံးမှာ အရှုံးနဲ့သာ ကျေနပ်ခဲ့ရပြီး ၂၀၁၉ ခုနှစ်အတွင်းက ယှဉ်ပြိုင်ခဲ့တဲ့ အမေရိကန် အိုးပင်းအမျိုးသားတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲမှာလည်း စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

# မန္တလေးမြို့ ဂေါဝန်ဆိပ်ကမ်းဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မန္တလေးမြို့ ဂေါဝန်ဆိပ်ကမ်းတွင် မန္တလေးမှ ဗန်းမော်သို့ သွားရောက်ရန်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေဝတီဌာနခွဲပိုင် ရေယာဉ်နှစ်စင်းအား မန္တလေးမြို့ စိန်ပန်းရပ်ကွက်ရှိ CDM လှုပ်ရှားသူများက ရေယာဉ်များ မထွက်ခွာနိုင်စေရေးရန်လိုသည့် အပြုအမူဖြင့် အကြောင်းမဲ့ နှောင့်ယှက်တားဆီးရာမှ စတင်ခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ ဖြစ်စဉ်များဖြစ်ပွားနေစဉ် ၎င်းနယ်မြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ကျရဲတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့ဘဲ ရေယာဉ်ထွက်ခွာမှုမရှိစေရေး ဝိုင်းဝန်းအော်ဟစ်၍ ဆန္ဒပြခြင်း၊ အကြမ်းဖက်မည့် အခြေအနေများ စတင်ဖြစ်ပေါ်လာခြင်းတို့ကြောင့် အခြေအနေအား ထိန်းသိမ်းနိုင်ရန်အတွက် လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များကို ထပ်မံပူးပေါင်းစေခဲ့ပြီး ထုတ်ပြန်ထားသည့် တရားဥပဒေများကို လေးစားလိုက်နာရေး၊ ပိတ်ဆို့ထားသည့် အတားအဆီးများကို ဖယ်ရှားပေးရေးစသည်တို့ကို အသံချဲ့စက်ဖြင့် သတိပေးခြင်း၊ တာဝန်ရှိသူများက သွားရောက်ညှိနှိုင်းဆွေးနွေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့ပါသည်။


သို့ရာတွင် ဆန္ဒပြသူများအတွင်းပါရှိလာသည့် ဆူပူအကြမ်းဖက်လိုသူအချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များကို အော်ဟစ်၍ ရန်စဆဲဆိုခြင်း၊ အုတ်ခဲ၊ ကျောက်ခဲ၊ လေးဂွများ၊ မှိန်းများအသုံးပြု၍ ရန်စတိုက်ခိုက်ခြင်းများကို ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံချဲ့စက်အသုံးပြု၍ အကြမ်းဖက်ဆောင်ရွက်မှုများ ရပ်တန့်ရန်၊ လူစုခွဲရန်တို့ကို ထပ်မံသတိပေးခဲ့ပြီး ဆူပူအကြမ်းဖက်သူများက လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် Water Cannon အသုံးပြု၍ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ဆူပူအကြမ်းဖက်သူများကို ဥပဒေနှင့်အညီ ဖြိုခွဲခြင်းဆောင်ရွက်ခဲ့ပါသည်။

သို့ရာတွင် ဆူပူအကြမ်းဖက်သူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အုတ်ခဲ၊ ကျောက်ခဲ၊ လေးဂွများ၊ မှိန်းများ၊ ဂျင်ကလိများဖြင့် နေအိမ်များ၊ လမ်းများနှင့် ကျောင်းအစရှိသည့် နေရာအသီးသီးမှ ပစ်ခတ်ခြင်းတို့ကို ပိုမိုဆောင်ရွက်လာခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခြင်း၊ လုံခြုံရေးယာဉ်များ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ပါဝင်ခဲ့သူများမှာ ငြိမ်းချမ်းစွာဆန္ဒပြခြင်းမဟုတ်ဘဲ CDM လှုပ်ရှားမှုကို အကြောင်းပြု၍ အကြမ်းဖက်ဆူပူမှု (Riot) အဖြစ်ရောက်ရှိစေရေး၊ ၎င်းမှတစ်ဆင့် မင်းမဲ့စရိုက်ဆန်သော လူအုပ်စု (Anarchy Mob) အသွင်ရောက်ရှိလာစေရေး ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဆောင်ရွက်လာခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိ အကြမ်းဖက်မှုများ ဆောင်ရွက်လာခဲ့ကြောင်း တွေ့ရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြေရှင်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း စနစ်တကျ အဆင့်ဆင့်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး မင်းမဲ့စရိုက်ဆန်သည့် အပြုအမူများအဆင့်သို့ မရောက်ရှိစေရေး ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Riot) ကို မလွှဲမရှောင်သာ ဆောင်ရွက်ထိန်းသိမ်းခဲ့ခြင်းသာဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# နေပြည်တော်၊ ဒက္ခိဏခရိုင်၊ သပြေကုန်းလမ်းဆုံအနီး ဆူပူဆန္ဒပြမှုဖြစ်စဉ်၌ အမျိုးသမီး တစ်ဦး ဦးခေါင်းသေနတ်ထိမှန် ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ထပ်မံစစ်ဆေး တွေ့ရှိချက်




၉-၂-၂၀၂၁ ရက်နေ့ နေပြည်တော် သပြေကုန်းလမ်းဆုံအဝိုင်း ရုံးတက်/ရုံးဆင်းယာဉ်များအား ပိတ်ဆို့ရန် ဆောင်ရွက်နေသော ဥပဒေနှင့် ဆန့်ကျင်သည့် လူစုလူဝေးအား ထိန်းသိမ်းဆောင်ရွက်ခဲ့စဉ် မမြသွဲ့သွဲ့ခိုင် ထိမှန်ဒဏ်ရာရသည့် မြေပုံကြမ်း။

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နေပြည်တော် ဒက္ခိဏခရိုင် သပြေကုန်းလမ်းဆုံအနီး ဖေဖော်ဝါရီ ၉ ရက်တွင် ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုဖြစ်စဉ်၌ အမျိုးသမီးတစ်ဦးမှာ ဦးခေါင်းသေနတ်ထိမှန်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားမှု၊ ဒဏ်ရာရရှိမှုအခြေအနေ စစ်ဆေးတွေ့ရှိချက်ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

အဆိုပါ ဒဏ်ရာရရှိဖြစ်စဉ်နှင့်ပတ်သက်၍ ထပ်မံစစ်ဆေးတွေ့ရှိချက်အရ သေဆုံးသူ မမြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းတွင်တွေ့ရှိသော ပစ္စည်းမှာ အလျား 1 cm၊ အနံ 0.8 cm အလေးချိန် 4.8 g ရှိသော ခဲပုပ်ရောင်သတ္တုအပိုင်းအစဖြစ်ကြောင်းသိရှိရပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် ကိုင်ဆောင်အသုံးပြုနေသည့် အဓိကရုဏ်းနှိမ်နင်းရေးခဲယမ်းများ၊ ချေမှုန်းရေးခဲယမ်းများ၏ ကျည်ထိပ်ဖူးနှင့် ကွာခြားမှုရှိနေကြောင်း၊ **ဆန္ဒပြလူအုပ်ကြီးအား ရဲတပ်ဖွဲ့မှ ပစ်ခတ်လူစုခွဲရာတွင် သေဆုံးသူ မမြသွဲ့သွဲ့ခိုင်မှာ လုံခြုံရေးရဲတပ်ဖွဲ့နှင့် ဦးတည်ဖြိုခွင်းနေသည့် ဆန္ဒပြလူအုပ်စုတို့အကြား ဘယ်ဘက် ၄၅ ဒီဂရီ၊ ၁၃၇ ပေ အကွာတွင် ရှိနေခဲ့ပြီး အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များဖြင့် ဦးတည်ပစ်ခတ်နေသည့် လမ်းကြောင်းနှင့် သီးခြားသွေဖည်နေသည့်အတွက်** အခြားပြင်ပမှ အသုံးပြုသည့် လက်နက်တစ်စုံတစ်ရာကြောင့် ဒဏ်ရာရရှိသေဆုံးခဲ့ရခြင်းဖြစ်နိုင်ကြောင်း သိရှိရပါသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁) မြို့မရဲစခန်းမှ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

သတင်းစဉ်

# လွတ်လပ်ပြီး အမှီအခိုကင်းသည့် အဖွဲ့အစည်းဝင်များအဖြစ် ဆက်လက်မြင်တွေ့လိုပါသည်

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေအရ ဒီမိုကရေစီနည်းကျကျ ဖွဲ့စည်းထားသော လွတ်လပ်ပြီး အမှီအခိုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် မည်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တို့၏ လွှမ်းမိုးခြင်း၊ ဩဇာခံခြင်း ပြုလုပ်သွားမည်မဟုတ်ဘဲ သတင်းမီဒီယာဥပဒေပါအတိုင်း အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို လွတ်လပ်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၆ ရက်တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန် (၂/၂၀၂၁) ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်က ပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာဥပဒေအရ စာနယ်ဇင်းအဖွဲ့အစည်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ဥပဒေပညာရှင် စသည့်အဖွဲ့အစည်းအသီးသီးမှ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြင့် ဒီမိုကရေစီနည်းကျကျ ဖွဲ့စည်းထားသည့် လွတ်လပ်ပြီး အမှီအခိုကင်းသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေပုဒ်မ (၁၂) အရ စာနယ်ဇင်းသမားများနှင့်ပတ်သက်ပြီး လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေအခန်း (၂)၊ ရည်ရွယ်ချက်များဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများဖြစ်ပေါ်စေရန်၊ သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊ နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊ သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသောနည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

ယင်းသဘောထားထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် အစိုးရ၏ လက်ကိုင်တုတ်အဖွဲ့အစည်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူ့အကျိုး၊ စာနယ်ဇင်းသမားတွေ၏ အကျိုးကို စိတ်စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ပေးသည့် အဖြူရောင်အဖွဲ့အစည်းတစ်ခုဖြစ်သည်မှာ ပေါ်လွင်ထင်ရှားပါသည်။

သို့ရာတွင် ယခုရက်ပိုင်းအတွင်း သတင်းမီဒီယာကောင်စီဝင်အချို့နုတ်ထွက်ကြသည်ကို ကြားသိရသည့်အတွက် ၎င်းတို့၏ သတင်းမီဒီယာသမားတစ်ဦး လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်နှင့် ပြည်သူ့အတွက်၊ စတုတ္ထမဏ္ဍိုင်အတွက် ယခုကဲ့သို့ခေတ်ကာလတွင်သတင်းမီဒီယာဥပဒေပုဒ်မ (၁၂) အရ စာနယ်ဇင်းသမားများနှင့်ပတ်သက်ပြီး လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်များ ဖြစ်ခဲ့သည်ဆိုသည်ကို ယုံကြည်ရန် ခက်ခဲသွားမည်လားမသိတော့ပေ။

ယခုလိုအချိန်အခါတွင် မှန်ကန်တိကျပြီး ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းကင်းဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာလောကသားများ၏အရေးနှင့် ပြည်သူများအတွက် ကျင့်ဝတ်သိက္ခာပြည့်စုံသည့် စတုတ္ထမဏ္ဍိုင်အဖွဲ့အစည်းတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်ပေးရန်လိုအပ်ချိန်တွင် မိမိတို့၏ ပုဂ္ဂလိကအမြင်နှင့် အကျိုးစီးပွားတစ်ခုအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များအဖြစ်မှ နုတ်ထွက်ခဲ့ကြသူများသည် ၎င်းတို့၏အဖွဲ့အစည်းအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအပါအဝင် အဖွဲ့အစည်းစိတ်ဓာတ်တို့ကို ဆန်းစစ်လေ့လာကြည့်ရန် လိုအပ်လာပေသည်။

နိုင်ငံတကာ၌ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံများတွင် ယခုကဲ့သို့ လွတ်လပ်သော သတင်းမီဒီယာကောင်စီများရှိပါသည်။ ယင်းကောင်စီများတွင် ပါဝင်ကြသူများသည် ၎င်းတို့ တာဝန်ကျသည့် ကာလအပိုင်းအခြားအတွင်း မည်သို့သော အခက်အခဲများကြုံတွေ့ပါစေ၊ အဖွဲ့အစည်းနှင့် အဆိုပါ အဖွဲ့အစည်းအပေါ်တွင် ရပ်နေကြသောလောကသားများကို စွန့်ခွာသွားကြသည်ကို မတွေ့မြင်ရသည်မှာ ဒီမိုကရေစီစိတ်ဓာတ်ပြည့်ဝသော၊ တာဝန်ယူ၊ တာဝန်ခံမှုရှိကြသည့် အဖွဲ့သားများဟု လက်ခံရပေမည်။

မိမိတို့နိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအပါအဝင် အစွဲအလမ်းတစ်ခုကြောင့် မပြုလုပ်သင့်သည်ကို ပြုလုပ်နေကြသူများသည် လာမည့်ကာလတွင် ဒီမိုကရေစီနိုင်ငံသစ်အတွက် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ပြီး စာနယ်ဇင်းကျင့်ဝတ်ပြည့်ဝသည့် သတင်းမီဒီယာလောကကို ဦးဆောင်နိုင်သူများအဖြစ် ထပ်မံရွေးချယ်တာဝန်ပေးအပ်ရန် စာနယ်ဇင်းလောကသားများအနေဖြင့် အသိ၊ သတိ တို့ဖြင့် ရွေးချယ်ဆောင်ရွက်သွားရန်များစွာအရေးကြီးကြောင်း ပေါ်လွင်ထင်ရှားနေပါတော့သည်။

ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်နှင့် ပြည်သူများအတွက် အရည်အချင်း ပြည့်ဝပြီး ပြည်သူများက ပေးအပ်သည့် အဖွဲ့အစည်းတာဝန်များကို ယခုထက် ပိုမိုတာဝန်သိသော၊ တာဝန်ယူသောသူများဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်စေရန် ရည်သန်၍ သတင်းမီဒီယာလောကသားတစ်ဦးအနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**ထွေးမောင်(၂၀၂၁)**

## စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဋ္ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း သွားလာမှုများ ကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်း ဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ခရိုင်ရှိ မီးသတ်တပ်ဖွဲ့ဝင်များအား ပုသိမ်မြို့ရှိ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဘားအံမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းအောင်နှင့် အဖွဲ့ဝင်များက လည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်




## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိပြီး ကောလာဟလများကြောင့် ညပိုင်းများတွင် မိဘပြည်သူများ ထိတ်လန့်စိုးရွံ့စွာဖြင့် နေထိုင်ရလျက်ရှိကြောင်းသိရသည့်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထိတ်လန့်စိုးရွံ့စွာနေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနဲ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် ပုသိမ်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ကေတုမတီမြို့သစ်နှင့် ပြည်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက် စုစုပေါင်း ၂၂ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ကေတုမတီမြို့သစ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်စုစုပေါင်း ၂၁ ကျောင်းရှိ သံဃာတော်များနှင့် သာသနဲ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။



ငင်းအပြင် ပဲခူးတိုင်းဒေသကြီး ကေတုမတီမြို့သစ် မဟာစည်သာသနာ့ရိပ်သာ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိတပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ငင်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၂၀၀၈ ဦး၊ အတွင်းလူနာ ၂၉၆၉ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များနေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၉၂၈ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၉၂ ဦး စုစုပေါင်း ၁၄၂၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ငင်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ငင်းတို့အနက် ၅၅၇ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၈၂၈ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၁၃၈၅ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေးဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ သွေးလိုအပ်မှုမရှိစေရေးအတွက် ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ အရာရှိ၊ စစ်သည် စုစုပေါင်း ၈၀ တို့က စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ငင်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ငင်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်နှင့် အငူမော်၊ ခမောင်းဆိပ်ကျေးရွာသွားလမ်းများအား တပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပညာရေး နီးပါရစေ

မောင်ကျောင်းသား

**"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ**
**သိပ္ပမချန်၊ ဘေးရန်ဆီးကာ**
**သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"**

အထက်ပါကျင့်ဝတ်သည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာသမားများအတွက် စောင့်ထိန်းအပ်သည့် ဆရာ့ဝတ္တရားများဖြစ်ကြသည်။ ကျောင်းနေအရွယ်ကလေးမှသည် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာသင်ယူကြသူများအားလုံး "ဆရာ"ဟူသည့် ဝေါဟာရနှင့် မစိမ်းကြသူများဖြစ်သည်။ ဆရာဟူသည် အတတ်ပညာများကို သင်ကြားခြင်းအပြင် မိမိ၏တပည့်သားမြေးများ အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန် လေ့ကျင့်ပေးကြရသည်။ ဆုံးမလမ်းညွှန်ပေးကြရသည်။ ဆင်ခြင်တုံတရားနှင့် ဉာဏ်မျက်စိကို ဖွင့်ပေးကြရသည်။ ထိခိုက်မှုဘေးအန္တရာယ်အမျိုးမျိုးမှ ကာဆီးပေးကြရသည်။ ကောင်းသည့်အလုပ်၊ လုပ်သင့်လုပ်ထိုက်သည့်အလုပ်များကို လုပ်ကိုင်ခြင်း၊ မကောင်းမှုကို ရှောင်ကြဉ်ခြင်း စသည့်အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားပေးကြရသူများဖြစ်သည်။

### အခြေခံအကျဆုံးကျင့်ဝတ်များ

လုပ်ငန်းအလိုက်၊ လူပုဂ္ဂိုလ်အလိုက် မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် စသည့် အခြေခံအကျဆုံးကျင့်ဝတ်များအပြင် မိတ်ဆွေကျင့်ဝတ်၊ အလုပ်ရှင်ကျင့်ဝတ်၊ အလုပ်သမားကျင့်ဝတ်၊ နာယကကျင့်ဝတ် စသည်ဖြင့် မိမိကျင်လည်ရာအခြေအနေနှင့် ဒေသန္တရကို လိုက်၍ ကျင့်ဝတ်များစွာရှိပါသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း နယ်ပယ်အလိုက် ဆရာဝန်ကျင့်ဝတ်၊ ရှေ့နေကျင့်ဝတ်၊ သတင်းစာဆရာကျင့်ဝတ် စသည်ဖြင့်လည်း သတ်မှတ်ချက်များရှိပါသည်။

ယခင်က နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုကို ဓနဥစ္စာနှင့် သယံဇာတတို့ ပေါကြွယ်ခြင်းဖြင့် တိုင်းတာလေ့ရှိကြသည်။ ယနေ့အချိန်ဝယ် နိုင်ငံအတွင်းရှိ ပြည်သူများ၏ အသိဉာဏ်မည်မျှကြွယ်ဝသည်၊ မည်မျှဆောင်ကြဉ်းနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များရှိသည် စသည်ဖြင့် တိုင်းတာလေ့ရှိကြသည်။ ထိုကဲ့သို့ နိုင်ငံအတွင်းရှိ ပြည်သူများ အသိဉာဏ်မျက်စိကို ဖွင့်ပေးကြသူများသည် ပညာရေးကဏ္ဍမှ ကျောင်းဆရာ ဆရာမများပင်ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် အရာရာတိုင်းကို "ပညာ" ကသာ ဦးဆောင်နေခြင်းဖြစ်ရာ ပြည်သူများ၊ အနာဂတ်၏ နိုင်ငံ့သွေးသားများအတွက် ပညာရေးကို အကောင်အထည်ဖော်ပေးကြမည့် ဆရာများ၏ တာဝန်သည် နိုင်ငံတိုင်းတွင် အလွန်အရေးကြီးလှပါသည်။

ဆရာ ဆရာမများသည် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် သင်ကြားပြသခြင်းဟူသည့် ပင်မလုပ်ငန်းများအပြင် တစ်ခါတစ်ရံ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးကင်းသမားများ၊ တစ်ခါတစ်ရံပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရာ စသည့်တိုင်းပြည်အတွက် သတင်းအချက် စုဆောင်းရေးမှူး၊ ရွေးကောက်ပွဲကျင်းပရာတွင်လည်း မဲရုံစောင့်များစသည်ဖြင့် ကျောင်းသား ကျောင်းသူများအတွက်၊ နိုင်ငံအတွက် ကျရာတာဝန်ကို ကျေပွန်ကြသူများဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းအပြင် ကာကွယ်ရေးအစီအမံများကို ဆောင်ရွက်နေကြပြီဖြစ်ရာ ရောဂါပိုးကို ထိန်းချုပ်လာနိုင်သည်နှင့်အမျှ စာသင်ကျောင်းတံခါးများပွင့်လာရန်လည်း နီးကပ်လာနေပြီဖြစ်ပါသည်။ တပည့်များ၏ အနန္တကျေးဇူးရှင် ဆရာ ဆရာမများ၏ နွေးထွေးနူးညံ့သည့် သင်ကြားပြသမှုများ၊ ဆုံးမပဲ့ပြင်မှုများဖြင့် လူငယ် လူရွယ်များ၏ပညာရေး မဝေးရအောင် စာသင်ခန်းများသို့ အမြန်ဆုံးလာရောက်စေလိုပါကြောင်း ဆရာကြီး ဆရာမကြီးများအား လေးလေးစားစားဖြင့် ဖိတ်မန္တက ပြုလိုက်ရပါသည်။**

မည်သည့်ကျောင်းဆရာမျှ မိမိတပည့်များကို သူတစ်ပါးထောင်ချောက်အတွင်းသို့ မသက်ဆင်းစေလိုကြ။ တပည့်များ အောင်မြင်၊ ချမ်းသာ၊ ပြည့်စုံခြင်းနှင့်အတူ ဘဝပင်လယ်အတွင်း စနစ်တကျကူးခပ်နေခြင်းကိုသာ မြင်တွေ့လိုကြသူများ ဖြစ်ပါသည်။ ကျောင်းဆရာတစ်ဦး ကျောင်းသို့သွားကာ တပည့်များမသိသေးသည့် ဘာသာရပ်များကို သင်ကြားပြသခြင်း၊ တပည့်များ၏ မှားယွင်းမှုများကို တည့်မတ်ခြင်း၊ ထူးချွန်သူများကို မြှောက်ပေးခြင်းသည်ပင် နိုင်ငံ့အရေး ဖြစ်ပါသည်။

### ဆရာများ၏သင်ကြားပြသမှု

ကျောင်းဆရာလက်မှ မွေးထုတ်ပေးလိုက်သည့် တပည့်များသည် တစ်ချိန်တွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စက်မှု၊ နည်းပညာစသည်ဖြင့် နယ်ပယ်အသီးသီးတွင် ကျင်လည်သွားကြမည့်သူများဖြစ်ရာ ယင်းတို့ အတွေးအခေါ်၊ အယူအဆမှန်ကန်စွာဆောင်ရွက်နိုင်ခြင်းတို့တွင် ဆရာများ၏ သင်ကြားပြသမှု ဂုဏ်ကျေးဇူးသည် များစွာအရေးပါမည် ဖြစ်ပါသည်။

ဆရာများလောက် နိုင်ငံ့အရေးနှင့် နီးစပ်သည့် လူသားများ မရှိသလောက်ဟု တင်စားရလောက်အောင်ပင် ဆရာ ဆရာမများသည် နိုင်ငံအရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြသူများဟု မှတ်ယူနိုင်ပါသည်။ ၁၉၄၆ ခုနှစ်က ရန်ကုန်မြို့ ကန်တော်ကလေး မြူနီစီပယ်ကျောင်းတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများညီလာခံကို ကျင်းပခဲ့စဉ်က ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းအတွင်း ပညာရေးသည် နိုင်ငံရေးပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ဖူးသည်။

**ဆရာများလောက် နိုင်ငံ့အရေးနှင့် နီးစပ်သည့်လူသားများမရှိသလောက်ဟု တင်စားရလောက်အောင်ပင် ဆရာ ဆရာမများသည် နိုင်ငံအရေးကို စွမ်းစွမ်းတမံဆောင်ရွက်ကြသူများဟု မှတ်ယူနိုင်ပါသည်။ ၁၉၄၆ ခုနှစ်က ရန်ကုန်မြို့ ကန်တော်ကလေး မြူနီစီပယ်ကျောင်းတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများညီလာခံကို ကျင်းပခဲ့စဉ်က ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းအတွင်း ပညာရေးသည် နိုင်ငံရေးပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့။**

နိုင်ငံ၏ အရေးကိစ္စကြီး၊ ငယ်တို့တွင် ပညာရေးအဆင့်အတန်းမြင့်မားသည့် လူငယ်လူရွယ်များ ထွက်ပေါ်လာနိုင်ရေးမှာ ဆရာများ၏ တာဝန်ပင်ဖြစ်ပါသည်။ ဆရာများသည် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် လူငယ် လူရွယ်များပေါ်ထွက်လာကြစေဖို့ အဓိကကြိုးပမ်းအားထုတ်ခြင်း ဖြင့်သာ နိုင်ငံ့အရေးကို ထမ်းဆောင်ပေးကြရမည် ဖြစ်ပါသည်။

လူသားတိုင်း၏တန်ဖိုးကို သတ်မှတ်ရာတွင် မိမိပြုကျင့်ရမည့် တာဝန်ဝတ္တရား (ကျင့်ဝတ်) များကို မည်မျှလိုက်နာသည့်အပေါ်တွင် မူတည်သတ်မှတ်လေ့ရှိပါသည်။ ကျင့်ဝတ်များကို အကောင်းဆုံးလိုက်နာသည့် အဖွဲ့အစည်းများသာလျှင် သာယာချမ်းမြေ့သည့် လူ့ဘောင်အသိုင်းအဝိုင်းကို ထူထောင်နိုင်မည်ဖြစ်ပါသည်။ ဆရာများသည် ကျောင်းသားလူငယ်များအတွက် မီးရှူးတန်ဆောင်များဖြစ်သည်။ ရှေ့ဆောင်လမ်းပြသူများ လုံလောက်အောင်မရှိပါက အနာဂတ်လူငယ်များအတွက် များစွာရတက်မအေးကြရမည် ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံသည် အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေပြီး ကိုဗစ်- ၁၉ ရောဂါကြောင့် နိုင်ငံ့စီးပွားရေးများ အားနည်း၊ ကျန်းမာရေးများ ထိခိုက်ခြင်းနှင့်အတူ စာသင်ကျောင်းများကိုလည်း ပိတ်ထားခဲ့ရသည်မှာ ကြာရှည်ခဲ့ရပြီဖြစ်ပါသည်။ ကျောင်းသားကျောင်းသူအများစု ကျောင်းဖွင့်မည့်ရက်ကို လက်ချိုးရေကာ စောင့်ဆိုင်းနေကြရပြီ ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် တပည့်များနှင့် ကင်းကွာနေကြရသည့် ဆရာ ဆရာမများကို ကျောင်းတော်ကြီးများနှင့် ကျောင်းပြန်တက်ရန် တာစူနေကြသည့် တပည့်များက လွမ်းနေကြရှာရှာမည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းအပြင် ကာကွယ်ရေး အစီအမံများကို ဆောင်ရွက်နေကြပြီဖြစ်ရာ ရောဂါပိုးကို ထိန်းချုပ်လာနိုင်သည်နှင့်အမျှ စာသင်ကျောင်းတံခါးများ ပွင့်လာရန်လည်း နီးကပ်လာနေပြီ ဖြစ်ပါသည်။ တပည့်များ၏ အနန္တကျေးဇူးရှင် ဆရာ ဆရာမများ၏ နွေးထွေးနူးညံ့သည့် သင်ကြားပြသမှုများ၊ ဆုံးမပဲ့ပြင်မှုများဖြင့် လူငယ် လူရွယ်များ၏ ပညာရေးမဝေးရအောင် စာသင်ခန်းများသို့ အမြန်ဆုံးလာရောက်စေလိုပါကြောင်း ဆရာကြီး ဆရာမကြီးများအား လေးလေးစားစားဖြင့် ဖိတ်မန္တက ပြုလိုက်ရပါသည်။ ။

---


# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထားတိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၈)ရက်

# ကြက်သွန်နီစိုက်ပျိုးရာတွင် ဥစိုက်ပျိုးခြင်းအစား အထွက်နှုန်းကောင်းသော ပျိုးပင်စိုက်ပျိုးခြင်းကိုအားထား

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ မိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများ နုတ်သိမ်းချိန်တွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေသဖြင့် သီးနှံဝင်ငွေ အကျိုးအမြတ်နည်းပါးခဲ့သည့်အတွက် နွေရာသီ ကြက်သွန်နီဈေးကွက်တွင် ဈေးကောင်းရရှိရေးမျှော်လင့်၍ စီးပွားဖြစ်အားထားစိုက်ပျိုးလုပ်ကိုင်နေကြကြောင်း သိရပြီး ယင်းသို့ ကြက်သွန်နီစိုက်ပျိုးရာတွင် ဥစိုက်ပျိုးခြင်းအစား အထွက်နှုန်းကောင်းသော ပျိုးပင်စိုက်ပျိုးနည်းစနစ်ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း ပွင့်ဖြူမြို့နယ် အင်းနက်ကျေးရွာမှ ကြက်သွန်နီစိုက်ပျိုးတောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို (နွေ၊ မိုး၊ ဆောင်း) စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံများစိုက်ပျိုးရာတွင် စပါး၊ နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲထောပတ်၊ နေကြာ၊ ကုလားပဲသီးနှံနှင့် ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံကို စိုက်ပျိုးကြကြောင်းနှင့် ကြက်သွန်နီသီးနှံအား သုံးရာသီစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ယခုနှစ်တွင် တောင်သူများ မိုးရာသီ စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိကာ အထွက်နှုန်းများ ကောင်းမွန်ခဲ့သော်လည်း လက်ရှိတွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေ၍ ကြက်သွန်နီစိုက်ပျိုးသူတောင်သူများ သီးနှံဝင်ငွေ အကျိုးအမြတ်နည်းပါးကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ ဒေသခံတောင်သူတွေဟာ မုန်းချောင်းရေနဲ့ ကိုယ်ပိုင်စက်ရေတွင်းများနဲ့ ကြက်သွန်နီကို (နွေ၊ မိုး၊ ဆောင်း) သုံးရာသီ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဒီနှစ်မှာတော့ မိုးကြက်သွန်နီတွေ လှိုင်လှိုင်ပေါ်ချိန်မှာ ဈေးနှုန်းက တစ်ပိဿာကို ငွေကျပ် ၃၀၀၊ ၄၀၀ လောက်သာ ရောင်းချရလို့ စိုက်ပျိုးစရိတ်နဲ့တွက်ရင် တွက်ခြေမကိုက်ဘူး ဖြစ်နေတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက အခုလို မိုးကြက်သွန်နီပေါ်ချိန်မှာ တစ်ပိဿာကို ငွေကျပ် ၁၅၀၀၊ ၂၀၀၀ နှုန်းနဲ့ ရောင်းချရတော့ ကြက်သွန်နီစိုက်ပျိုးတဲ့ တောင်သူတွေအားလုံး အဆင်ပြေပါတယ်။ စိုက်ပျိုးရာမှာ ယခင်နှစ်တွေက ဥစိုက်စနစ်နဲ့ စိုက်ပျိုးကြပြီး အခုနှစ်မှာတော့ တောင်သူအများစုက ကြက်သွန်နီပိုပြီးအထွက်တိုးတဲ့ ပျိုးပင်စိုက်နည်းစနစ်နဲ့ ပြောင်းလဲစိုက်ပျိုး လုပ်ကိုင်နေကြပါတယ်။ ဈေးကောင်းရရှိဖို့အတွက် တောင်သူတွေအနေနဲ့ မျှော်လင့်နေကြပါ တယ်" ဟု ပွင့်ဖြူမြို့နယ် အင်းနက်ကျေးရွာမှ ကြက်သွန်နီစိုက်ပျိုးတောင်သူ ဦးရဲမင်းက ပြောကြားသည်။



ပွင့်ဖြူမြို့နယ်တွင် ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြသည့် ကျေးရွာများမှာ အင်းနက်ကျေးရွာ၊ ညောင်ပင်စောက်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာ၊ ကြူဝင်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ လယ်မကျေးရွာတို့ဖြစ်ပြီး မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများတွင်လည်း စိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရပြီး ထိုသို့ ကြက်သွန်နီ စိုက်ပျိုးရာတွင် ဒေသခံတောင်သူများက မိုးရာသီနှင့် ဆောင်းရာသီတွင် အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**



# မိုင်းယောင်း၌ သခွားသီးများ ရောင်းအားကောင်း

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် သခွားသီးရောင်းအားကောင်းပြီး ဈေးကောင်းလည်းရနေသောကြောင့် ယခုအခါ သခွားသီးစိုက်တောင်သူနှင့် သခွားသီးရောင်းချသူများ မိသားစုဝင်ငွေ အဆင်ပြေနေကြကြောင်း သိရသည်။

"သခွားသီးကို မနှစ်က အနည်းငယ်သာစိုက်ပျိုးပြီး အခုဈေးကောင်းလည်းရနေတာကြောင့် ဒီနှစ် များများတိုးချဲ့စိုက်ပျိုးနေပါတယ်" ဟု သခွားသီးစိုက် တောင်သူတစ်ဦးက ပြောသည်။

ယခုအခါ ပွင့်လင်းရာသီအချိန်ခါသမယတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ဧည့်သည်များ၊ ထပ်လုံ၊ ရွှေညောင်ပင်၊ ဈာန်ရကိုရင်ကြီးတောရကျောင်းစသည့် အထင်ကရဘုရားများသို့ လာရောက်ဖူးမြော်သူများ ရှိနေပြီး အပြန်လက်ဆောင်အဖြစ် မိုင်းယောင်းသခွားသီးကို ဝယ်ယူကြကြောင်း သိရသည်။

မိမိကြိုက်နှစ်သက်သလို အလွယ်တကူ အမျိုးမျိုးပြုလုပ်စားသုံးနိုင်သည့် အရသာထူးခြားသော မိုင်းယောင်းဒေသထွက် သခွားသီးကို လူအများက ခံတွင်းတွေ့နေကြပြီး အဝေးရောက် ရွှေမိုင်းယောင်းသားများကလည်း အထူးမှာယူနေမှုများရှိနေကာ တစ်နေ့ထက်တစ်နေ့ သခွားသီးများ ရောင်းအားကောင်းနေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# စိုက်ပျိုးဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်း

**မိုင်းဖြတ် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဝမ်နောင်ခမ်း ကျေးရွာနေ ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိရာ ယခုနှစ်တွင် စိုက်ပျိုးသည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းသဖြင့် မိသားစုဝင်ငွေများ ရရှိနေကြသည်။

တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နန်းပျဲန်းက "အသီးအရွက်တွေကိုလည်း သဘာဝအတိုင်း စိုက်ပျိုးပြီး အဓိက စိုက်ပျိုးတာက ရွှေပဲရွက်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီပွင့်၊ ခရမ်းသီး၊ ပဲသီး၊ ငရုတ်သီးနဲ့ ပြောင်းဖူးကို စိုက်ပျိုးကြပါတယ်၊ ထွက်ရှိလာတဲ့ အသီးအရွက်တွေကို ဈေးနဲ့ အိမ်တွေကို ကိုယ်တိုင်လိုက်ရောင်းရပါတယ်၊ အသီးအရွက်တွေကိုတော့ စိုက်ပျိုးပြီး တစ်လလောက်ဆိုရင် ဆွတ်ခူးရောင်းရပြီး ပြောင်းဖူးကတော့ သုံးလခန့်မှ ဆွတ်ခူးလို့ရပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

မိုင်းဖြတ်မြို့နယ် ဝမ်နောင်ခမ်း ကျေးရွာတွင် နေထိုင်ကြသည့် ကျေးလက်နေပြည်သူများသည် ရှမ်းတိုင်းရင်းသားများဖြစ်ရာ ကျေးရွာနေ အိမ်ခြေ ၁၂၈ အိမ် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကို ကျေးရွာအနောက်ဘက်ရှိ နမ့်လုံ ချောင်းတစ်ဖက်တစ်ချက်တွင် အဓိကစိုက်ပျိုးကြပြီး ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို မြို့မဈေးသို့ လည်းကောင်း၊ ဖောက်သည်အဖြစ် သော်လည်း ကောင်း နေ့စဉ် ရောင်းချကြသဖြင့် မိသားစုဝင်ငွေ ပုံမှန်ရရှိကြောင်း စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

■



# သီးညှပ်စိုက်ပျိုးနိုင်ရေး မျိုးစေ့များထောက်ပံ့ပေးရန် စီစဉ်

**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း တည်ရှိသော သဖန်းဆိပ်ဆည်၏ ဆည်ရေသောက်ဧရိယာအတွင်း နွေသီးနှံဧက ၇၀၀၀၀ ကို စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ရာ ၎င်းသီးနှံများကြားတွင် သီးညှပ်သီးနှံများအဖြစ် နေကြာနှင့် မိုးကြိုချည်မျှင်ရှည်ဝါသီးနှံများကို သီးညှပ်အဖြစ်စိုက်ပျိုးနိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့များထောက်ပံ့ပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

"သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်း အခုနှစ်နွေသီးနှံစိုက်ပျိုးချိန်မှာတော့ ဧက ၇၀၀၀၀ ကို ရေပေးဝေနိုင်မှာဖြစ်တဲ့အတွက် နွေသီးနှံအဖြစ် မိုးကြို ပဲတီစိမ်း၊ မတ်ပဲနဲ့ နှမ်းသီးနှံတွေကို စိုက်မှာဖြစ်တယ်၊ ဝင်ငွေပိုမိုရရှိစေဖို့ အဲဒီလိုစိုက်တဲ့သီးနှံတွေကြားထဲမှာ သီးညှပ်အဖြစ် မိုးကြိုချည်မျှင်ရှည်ဝါနဲ့ နေကြာလိုသီးနှံမျိုးတွေကို ထည့်သွင်းစိုက်ပျိုးနိုင်ဖို့ စီစဉ်နေတယ်၊ နောက်တောင်သူတွေ သီးညှပ်အဖြစ်စိုက်လိုတဲ့ အခြားသီးနှံမျိုးရှိရင်လည်း စိုက်ပျိုးနိုင်ဖို့ စီစဉ်နေတယ်၊ သဖန်းဆိပ်ဆည်ရေသောက်စနစ်ထဲမှာ အခုလိုပုံစံမျိုး တစ်ခါမှ မစိုက်သေးဘူး၊ အခုပုံစံအသစ်အနေနဲ့စိုက်ပျိုးဖို့ စီစဉ်နေတာဖြစ်ပါတယ်၊ အခုလောလောဆယ် သီးညှပ်စိုက်မယ့်တောင်သူတွေ စာရင်းကောက်တာတွေလည်း လုပ်ဆောင်နေပါပြီ"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောကြားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် သဖန်းဆိပ်ဆည်ရေ သောက်ဧရိယာအတွင်း နွေသီးနှံများအဖြစ် ရွှေဘိုမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနှင့် နွေနှမ်းဧက ၆၀၀၀ အားလည်းကောင်း၊ ခင်ဦးမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနှင့် နွေနှမ်းဧက ၁၄၀၀၀ အားလည်းကောင်း၊ ရေဦးမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနှင့် နွေနှမ်းဧက ၁၁၀၀၀ အားလည်းကောင်း၊ ဒီပဲယင်းမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်း၊ မတ်ပဲနှင့် နွေနှမ်းဧက ၂၄၀၀၀ အားလည်းကောင်း၊ ကန့်ဘလူမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနှင့်နွေနှမ်းဧက ၁၅၀၀၀ အားလည်းကောင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**








## စာသင်တိုက်များသို့ ထမနဲများ ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းလမ်း ငါးမည်ရပြည်ရွှေဘိုကျောင်းတိုက်၌ ယမန်နေ့တွင် ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)မိသားစုက ထမနဲများထိုး၍ အဆိုပါ ကျောင်းတိုက်ရှိ သံဃာတော်များနှင့် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓေါဒယ၊ သုမိတာရာမ၊ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်ရှိ သီလရှင်များအား ထမနဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အေးသန်း(စိန်တုံးကြီး)**

## မကွေးမြို့နယ်၌ တောင်သူများ လွှတ်ကျောင်းစနစ်ဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်းမှ ဝင်ငွေရရှိ

**မကွေး ဖေဖော်ဝါရီ ၂၁**

ဆိတ်မွေးမြူရေးလုပ်ငန်းတွင် ခြံလှောင်စနစ်မွေးမြူခြင်းနှင့် လွှတ်ကျောင်းစနစ်မွေးမြူခြင်းဟူ၍ရှိရာ ကုန်ကျစရိတ်သက်သာသော လွှတ်ကျောင်းမွေးမြူရေးစနစ်ဖြင့် ဆိတ်မွေးမြူသူများမွေးမြူရာ ကုန်ကျစရိတ်သက်သာပြီး ဝင်ငွေကောင်းကြောင်း မကွေးမြို့နယ် ထုံးပေါက်တောမြောက်ရွာမှ ဆိတ်မွေးမြူသူ ကိုမျိုးထံမှ သိရသည်။

"ဆိတ်တွေ လွတ်လွတ်လပ်လပ်နဲ့ လွှတ်ကျောင်းပါတယ်။ ကျန်းမာရေးအရလည်း ကောင်းတယ်။ အခုအချိန်က ယာတွေလည်း ထွန်ကုန်ပြီ။ ပဲရိုးပဲနွယ်၊ ပြောင်းရိုး၊ မြက်တွေလည်းပေါနေပြီ။ အိမ်ပြန်ရောက်လို့ ခြံထဲရောက်တော့မှ ဖြည့်စွက်အစာကိုထပ်ကျွေးပါတယ်။ ဆိတ်က တစ်နှစ်ကို နှစ်သားပေါက်ပါတယ်။ ဆိတ်မျိုးကောင်းမျိုးသန့်ကို ရှာမွေးပါတယ်။ ဆိတ်အသားဈေးက တစ်ပိဿာ ငွေကျပ် ၁၅၀၀၀ မှ ကျပ် ၂၀၀၀၀ အထိ ရှိပါတယ်။ ဆိတ်နို့တစ်ပုလင်း ၄၀ ကျပ်သားကို ကျပ် ၁၅၀၀ ရောင်းရတယ်။ ဆိတ်ချေးက မြေပဲကြဲရင် မြေပဲပိုဥတယ်။ တစ်တင်း ကျပ် ၈၀၀၊ ကျပ် ၁၀၀၀ ရောင်းရတယ်။ ဆိတ်အကောင် ၅၀ လောက် မွေးထားပါတယ်။ ဆိတ်တစ်ကောင်ကို ငွေကျပ် ငါးသိန်းမှ ခုနစ်သိန်းအထိ ရောင်းရတယ်။ မျိုးကောင်း ကောင်းသလိုပေ့ါ။ ဆိတ်မွေးရင် ဆိတ်ကျောင်းသမားကို သီးသန့်ငှားရပါတယ်။ ဆိတ်မွေးလို့အဆင်ပြေကြပါတယ်။ လွှတ်ကျောင်းစနစ်က ပိုအဆင်ပြေပါတယ်။ စိုက်ပျိုးရေးချည်း အားကိုးလို့မရဘူး။ ရာသီဥတု မှီလုပ်ရတာ။ မွေးမြူရေးနဲ့တွဲဖက်လုပ်ကိုင်တော့ စီးပွားရေးချောင်လည်တာပေ့ါ"ဟု ၎င်းက ပြောသည်။

မကွေးမြို့နယ် ထုံးပေါက်တော၊ ကန်ရွာလေး၊ နတ်ကန်၊ ကန်သစ်၊ ညောင်ကန်၊ မိကျောင်းရဲ၊ မြင်ကွန်းတို့တွင် ဆိတ်မွေးသူများက လွှတ်ကျောင်းစနစ်ဖြင့်သာ မွေးမြူကြရာ ကုန်ကျစရိတ်အစာဖိုးနည်း၍ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုကြောင်း သိရသည်။ **မကွေး ဝင်းမောင်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူ ပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

## ကျိုက်ထိုမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းတံတားလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်ထို ဖေဖော်ဝါရီ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်္ဂဘို-မဲရုံးလေး-မဲရုံးကြီး-ကဒိုင်ဒွတ်-မိုးဘော-ကျောက်ပုံကြီးကွင်းလမ်း ၂၂ မိုင်အနက် ကျောက်လမ်း နှစ်မိုင်ခင်းခြင်း အဆိုပါလမ်းပေါ်တွင် ပေ ၂၀ အာရ်စီတံတားတစ်စင်းနှင့် ခြောက်ပေ Box Culvert နှစ်စင်း တည်ဆောက်ခြင်း၊ ကဒက်ချောင်းတံတားကြမ်းခင်းနှင့် ချဉ်းကပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကင်မွန်းစခန်း-ဆောင်နိုင်ကြီးလမ်း သုံးမိုင်အနက် ကတ္တရာလမ်း တစ်မိုင် ခင်းခြင်းလုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၃၃ ဒသမ ၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**



## လဂျာကျေးရွာသို့ဆက်သွယ်ထားသည့် မြေသားလမ်းဖောက်လုပ်မှု ၅၀ ရာခိုင်နှုန်းပြီးစီး

**ပူတာအို ဖေဖော်ဝါရီ ၂၁**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မချမ်းဘော့မြို့နယ် ထန်ဂါး-မရွတ်ဒမ်း-မပြုံး-ကွမ်ဆောရ်ကျေးရွာမှတစ်ဆင့် ခေါင်လန်ဖူးမြို့နယ် လဂျာကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းမြေသားလမ်းဖောက်လုပ်မှုလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အတွင်း ငွေကျပ် ၉၃ ဒသမ ၄၈၇ သန်းဖြင့် မချမ်းဘော့မြို့နယ် ထန်ဂါး ကျေးရွာအရှေ့ဘက် မရွတ်ဒမ်း-မပြုံး-ကွမ်ဆောရ်ကျေးရွာမှတစ်ဆင့် ခေါင်လန်ဖူးမြို့နယ် လဂျာ ကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်း ၆၇ မိုင် အနက် (၂/၀)မိုင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။

ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ကွပ်ကဲမှုအောက်ရှိ ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် အဆိုပါမြေသား လမ်းဖောက်လုပ်နေမှုလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အရည်အသွေးပြည့်မီစွာ သတ်မှတ်ဘဏ္ဍာရေးနှစ်တွင် အချိန်မီပြီးစီးအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်မှုလုပ်ငန်း ပြီးစီးပါက မချမ်းဘော့မြို့နယ် ထန်ဂါးကျေးရွာအုပ်စု၊ အင်ဂါဒိန်ချက်ကျေးရွာအုပ်စုနှင့် ခေါင်လန်ဖူး မြို့နယ် လဂျာကျေးရွာအုပ်စုများရှိ ကျေးရွာခြောက်ရွာ၊ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၆၃၉ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**





## မိုင်းယောင်းမြို့နယ် ဝမ်ကုန်-အခြေခံပညာမူလတန်း(လွန်)ကျောင်း တစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၁**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ဝမ်ကုန်-အခြေခံပညာမူလတန်း(လွန်) ကျောင်းအတွက် Steel Structure ကျောင်းဆောင်သစ် တစ်ထပ်ဆောင်တစ်လုံး တည်ဆောက်လျက်ရှိသည်။

အဆိုပါကျောင်း ဆောင်သစ်သည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိသော Steel Structure အမျိုးအစား တစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း ကျောင်းအုပ် ဆရာမကြီးဒေါ်စိုးစန္ဒာမင်းထံမှ သိရသည်။

ဝမ်ကုန်ကျေးရွာရှိ ကျောင်းသည် အခြေခံပညာမူလတန်း(လွန်) ကျောင်း အဆင့်ဖြစ်သည်နှင့်အညီ မူလတန်းပညာများအပြင် အလယ်တန်းပညာများပါ သင်ကြားနေသည့်အတွက် ဝမ်ကုန်ကျေးရွာအပြင် နီးစပ်သည့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများအတွက် စာသင်ခန်းများ လုံလောက်လာမည်ဖြစ်၍ ပိုမိုအဆင်ပြေ လာမည်ဖြစ်ကြောင်း ကျေးရွာရပ်မိရပ်ဖများက ပြောကြားသည်။

မိုင်းယောင်းမြို့နယ်တွင် ပညာရေးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မပြီးပြတ်သေးသည့် ကျောင်းဆောင်များ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်း နှစ်ခု၊ အန္တရာယ်ကျောင်းများ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း လုပ်ငန်း ၁၄ ခု၊ သိပ္ပံဆောင် အသစ်ဆောက်လုပ်ခြင်း လုပ်ငန်း တစ်ခု၊ KGဆောင်သစ်တည်ဆောက်ခြင်းလုပ်ငန်းလေးခု၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်း နှစ်ခု၊ ကျောင်းစာကြည့်တိုက်အသစ် ဆောက်လုပ်ခြင်းလုပ်ငန်း တစ်ခု၊ မြို့နယ်ပညာရေးမှူးရုံး အသစ်ဆောက်လုပ်ခြင်း တစ်ခုနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအပါအဝင် စုစုပေါင်း လုပ်ငန်း ၃၀ ခုအတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်၁၂၁၂ ဒသမ ၃၃၈ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီကိုးခုက တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

**အားချာ**



## ပွင့်လင်းရာသီရောက်လာပြီဖြစ်သဖြင့် အုတ်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ

**မင်းဘူး ဖေဖော်ဝါရီ ၂၁**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၂) ကျောက်တံခါးရပ်ကွက်မှ အုတ်ထုတ်လုပ် ရောင်းချသူများသည် ပွင့်လင်းရာသီရောက်လာပြီ ဖြစ်သဖြင့် အုတ်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် အုတ်လုပ်ငန်းရှင်များ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

အုတ်များလုပ်ရာတွင် အုတ်လုပ်သည့် မြေများကို ကားတစ်စီးလျှင် ကျပ် ၁၀၀၀၀ ပေးဝယ်၍ စုဆောင်းထားရကြောင်း၊ စုဆောင်း ထားသည့်မြေများမှ အုတ်လုပ်ဖို့လိုသလောက် မြေများကို ရေဖျန်း၍ နှပ်ပေးထားရကာ နှပ်ပြီးသား ရွှံ့မြေများကို ပုံစံခွက်ထဲထည့်ရိုက်လှီးဖြတ်ပြီး နေလှန်းသည့်နေရာသို့ လက်တွန်းလှည်းဖြင့် ပို့ပေးရသည်။ ငါးရက်ခန့် နေလှန်းပြီးမှ မီးဖုတ်ကာ ရောင်းချရသည်။ အုတ်များကို အလျားကိုးလက်မ၊ အနံ သုံးလက်မဖြင့် ထုတ်လုပ်ပြီး အုတ်ခဲတစ်လုံး ကျပ် ၈၀ ဖြင့် ရောင်းချကြသည်။

"ကျွန်တော်တို့ အုတ်လုပ်ငန်းမှာ အလုပ်သမား ၃၀ ခန့်ရှိပြီး လုပ်အားခအနေနဲ့ အုတ်ခဲတစ်လုံး ၁၈ ကျပ်ပေးရပါတယ်။ တစ်ယောက်ကို အုတ် ၄၀၀ အထိပြီးပါတယ်။ အလုပ်သမားများဟာ အနီးအနား ဝန်းကျင်ရပ်ကွက်များမှဖြစ်ပြီး သူတို့ မိသားစုများနဲ့ နေရေးထိုင်ရေးအဆင်ပြေကြသလို ကျွန်တော်လည်း ကိုဗစ်-၁၉ ကာလဆိုပေမယ့် အုတ်လုပ်ငန်းရှင်များများ စားစားမရှိလို့ အုတ်များရောင်းချရတာ အဆင်ပြေပါတယ် " ဟု အုတ်လုပ်ငန်းရှင် ဦးသက်ထွန်းက ပြောကြားသည်။

**ဇေယျာထက် (မင်းဘူး)**

## စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်

**မိုင်းရှူး ဖေဖော်ဝါရီ ၂၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် အတွင်းရှိ ခိုစုံကျေးရွာနှင့် ဖာယကျေးရွာ နှစ်ရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် စမ့်စမ်းရေသွယ်တန်းခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ခိုစုံကျေးရွာတွင် သောက်သုံးရေဖူလုံစေရေးအတွက် အရှည်ပေ ၄၀၀၀ ရှိ စိမ့်စမ်းရေပိုက်လိုင်း (အမြင့်တင်) သွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဖာယကျေးရွာတွင် အနက်ပေ ၄၀၀ ရှိ အဝီစိစက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ အရှည်ပေ ၆၀၀၀ ရှိရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၁၁၄ သန်းဖြင့် တင်ဒါအောင်မြင်သော M.T.D.H ကုမ္ပဏီမှ ယခုနှစ်ဇန်နဝါရီလအတွင်းက စတင်၍တာဝန်ယူဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီးလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၁၄၀ မှ လူဦး ရေ ၇၆၉ ဦးတို့၏ သောက်သုံးရေဖူလုံစေမည်ဖြစ်ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ပြောကြားသည်။

**ငြိမ်းသူ**



# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေ ကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၂ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၂ ရက်နေ့နှင့် ၉-၂-၂၀၂၂ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၂ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၂ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိ လည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိ လည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိ လည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်းစသည့် COVID-19 သံသယလက္ခဏာတစ်ခုခု ရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀)အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုးစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ တက်ရောက်/ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာ လိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၂ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညိုခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။




COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။အဘိုးအဘွားများအိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့အဘိုးအဘွားတို့နဲ့ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။

# ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကျင်းပမည်

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၉ ရက်မှ လပြည့်နေ့အထိ ခုနစ်ရက်ကြာကျင်းပမြဲဖြစ်သော်လည်း ယခုနှစ်တွင် ကိုဗစ်ကာလ၌ (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်နှင့်ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်မဟုတ်ဘဲ တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၁၆ ရက်)တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ရေစက်ချ အခမ်းအနားကျင်းပခြင်း၊ အရဟံဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကိုသာ ကျင်းပမည်ဖြစ်ကြောင်း မဟာရွှေစည်ကြီးစေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

နှစ်စဉ်တပို့တွဲလဆန်း ၉ ရက်မှစတင်ကျင်းပသည့် မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်တွင် မဟာရွှေစည်ကြီးစေတီတော် မြတ်ကြီးနှင့်ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများအား ရောင်စုံမီးများထွန်းညှိကပ်လှူပူဇော်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မစကြာနှင့် ပရိတ်ကြီးဝတ်ရွတ်ပူဇော်ခြင်းနှင့် ပြိုင်ပွဲကျင်းပခြင်း၊ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်း၊ ပန်း ၉၀၀၀၊ သစ်သီး ၉၀၀၀ ဆက်ကပ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ တရားပွဲများကျင်းပခြင်း၊ ပင့်သံဃာ ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းတို့ကို ခမ်းနားထည်ဝါစွာ ကျင်းပလေ့ရှိသည်။

ဈေးရောင်းပွဲတော်တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချကြသော ရိုးရာအစားအစာ အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ တောင်သူသုံးပစ္စည်း အမျိုးမျိုးတို့ကို ဆိုင်ခန်းပေါင်း ၁၅၀၀ ကျော် ခင်းကျင်းပြသရောင်းချကြသည်။ ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် မြန်မာ့ရိုးရာခြင်းအလှခတ်ပြပွဲ၊ ပြိုင်ပွဲများ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲများ၊ ဇာတ်အငြိမ့်သဘင် စုံလင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပင်းတယ ဖေဖော်ဝါရီ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ငွေကျပ် သန်း ၂၈၀၆ ဒသမ ၉၀၀ ဖြင့် မြေလမ်း(၁၃/၀)မိုင်၊ ကျောက်လမ်း(၁၂/၆)မိုင်၊ ကတ္တရာထပ်ပိုးလွှာ(၅/၀)မိုင်နှင့် ကတ္တရာလမ်း(၁/၀) မိုင်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါလုပ်ငန်းများမှာ ရွာငံမြို့နယ်အတွင်းရှိ အင်းကြီး-ပယ်ကင်း-သဖန်းပင်-ကျောက်တောလမ်း (၆/၄)မိုင် မြေလမ်းအပြီးသတ် ဖောက်လုပ်ခြင်း၊ သိမ်ကုန်း-အနောက်ကုန်း-ကျောက်မြောင်း- ရေဦးကျေးရွာချင်းဆက် (၂/၀)မိုင် မြေလမ်းဖောက်လုပ်ခြင်း၊ ရွာငံ-အုတ်တွင်းလမ်း (၅/၀)မိုင်အနက် (၁/၆)မိုင် ကျောက်ချောခင်းခြင်း၊ ယကြီး-ရေဝင်-ပါးမဲ(၆/၀) မိုင်အနက် (၂/၀)မိုင် ကျောက်ခင်းခြင်း၊ ရေချမ်းပြင်-ကျောက္ကူတိ (၅/၅)မိုင်အနက် (၁/၂)မိုင် အပြီးသတ်ကျောက်ခင်းခြင်း၊ မျှားကလေး-တဲလု(၁၃/၄)မိုင် အနက် (၁/၀)မိုင် ကျောက်အပြီးသတ်ခင်းခြင်း၊ ညောင်ကုန်း-ညောင်ဖြူရိုး-စဉ်းလဲရုပ်-တောင်ပို့ခေါင်း (၄/၀)မိုင်အနက် (၁/၀)မိုင် အပြီးသတ် ကျောက်ခင်းခြင်း၊ နွားဘန်းကြီး-ရွှေဂူကြီးတောရ ဘုန်းကြီးကျောင်းသွားလမ်း (၁/၀)မိုင် ကျောက်ခင်းခြင်း၊ အုတ်တွင်း-ကျောက်ငှက်-ဆင်ဆာပြားလမ်း (၃/၀)မိုင်တွင် (၂/၀)မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ပင်းတယမြို့နယ်အတွင်းရှိ အင်လုံ-သိမ်ကုန်း(၁/၂) မိုင် မြေလမ်းဖောက်လုပ်ခြင်း၊ မဲနယ်တောင်-ကုန်းဆုံ-မြေပြို (၄/၂)မိုင်တွင် (၃/၂)မိုင် မြေသားလမ်းဖောက်လုပ်ခြင်း၊ ကုန်းသာ-ပဲယင်းတောင်(၄/၂)မိုင် အနက် (၂/၀)မိုင် ကျောက်ခင်းခြင်း၊ ရွှေပုထိုး-ပန်းစစ်-ကြံခင်းမြောင်(၇/၄)မိုင်အနက် (၂/၂)မိုင် အပြီးသတ်ကျောက်ခင်းခြင်း၊ ညောင်ကောက်-သိမ်ကုန်း-တပ်ကြီးလမ်း သုံးမိုင် ကျောက်ခင်းပြီး ထပ်မံလိုအပ်သည့် (၀/၄)မိုင် ကျောက်ခင်းခြင်း၊ အိမ်ပု-ကျောက်ပုလ္လင်(၂/၆)မိုင်အနက် (၁/၀)မိုင် ကတ္တရာခင်းခြင်း၊ ရှောက်ချို-ကုန်းသာ-တာတိုင် ကျေးရွာချင်းဆက်လမ်း (၂/၀)မိုင် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ ညောင်ကောက်-ဖနံ-သိမ်ကုန်း-တပ်ကြီးအထိ (၁/၀)မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီးစီးရေးတို့အတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦး၊ ပင်းတယမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တာဝန်ခံနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၉ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**



# ပွင့်ဖြူမြို့နယ်၌ ထိုင်ဝမ်ခရမ်းချဉ်သီးများ လှိုင်လှိုင်ထွက်ရှိသော်လည်း ဈေးနှုန်းများကျဆင်း

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ မုန်းချောင်းရေနှင့် မြေအောက်ရေကို အမှီပြုပြီးစိုက်ပျိုးသည့် ထိုင်ဝမ်ခရမ်းချဉ်သီးများ အောင်မြင်ဖြစ်ထွန်း၍ အသီးများ လှိုင်လှိုင်ထွက်ရှိသော်လည်း လက်ရှိတွင် ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ဈေးကောင်းရရှိရေး မျှော်လင့်လျက်ရှိနေကြောင်း ပွင့်ဖြူမြို့နယ် သမန်းရင်းကျေးရွာမှ ခရမ်းချဉ်စိုက် တောင်သူများထံမှ သိရသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းအနီး ကျေးရွာများရှိဒေသခံတောင်သူများသည် ဥယျာဉ်ခြံမြေများနှင့် ကိုင်း၊ ကျွန်းမြေများတွင် မုန်းချောင်းရေနှင့် မြေအောက်ရေကို အဓိကမှီခိုအားထားပြု၍ တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက် စားပင် သီးနှံမျိုးစုံ၊ ဘုရားပန်းမျိုးစုံနှင့် နှစ်ရှည်သီးနှံများကို စီးပွားဖြစ် စိုက်ပျိုးကြကာ ယခုနှစ်တွင် တောင်သူများ စိုက်ပျိုးသည့် ထိုင်ဝမ်ခရမ်းချဉ်သီးမှာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းပြီး အသီးများ လှိုင်လှိုင်ထွက်ရှိကာ ဆွတ်ခူးရောင်းချနေရပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ခရမ်းချဉ်စိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် မုန်းချောင်းအနီး ကျေးရွာတွေမှာရှိတဲ့ တောင်သူတွေဟာ မုန်းချောင်းရေနဲ့ မြေအောက်ရေကို အကျိုးရှိရှိအသုံးချပြီး ဟင်းသီးဟင်းရွက် စားပင်သီးနှံတွေကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြတာဖြစ်ပါတယ်။ သီးနှံတွေ စိုက်ပျိုးရာမှာ ထိုင်ဝမ်ခရမ်းချဉ်ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ထိုင်ဝမ် ခရမ်းချဉ်သီးဟာ စနစ်တကျ စိုက်ပျိုးလုပ်ကိုင်မည်ဆိုပါက အပင်ရေ ၁၀၀၀ လျှင် ခရမ်းချဉ်သီး ပိဿာချိန် အနည်းဆုံး (၃၀၀၀ မှ ၄၀၀၀ အထိ) ထွက်ရှိပါတယ်။ ခုနောက်ပိုင်းမှာ စိုက်ပျိုးရေးနည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ဒေသခံတောင်သူတွေဟာ စိုက်ပျိုးရေးကုမ္ပဏီတွေဆီကတစ်ဆင့် သီးနှံအလိုက် အထွက်နှုန်းကောင်းတဲ့ စိုက်ပျိုးနည်းစနစ်တွေကို လေ့လာသင်ယူပြီးတော့ စမ်းသပ်စိုက်ပျိုး လုပ်ကိုင်လာပါတယ်။ ဒီနှစ်မှာလည်း တောင်သူတွေ စိုက်ပျိုးတဲ့ ထိုင်ဝမ်ခရမ်းချဉ်သီးနှံတွေဟာ အောင်မြင်ဖြစ်ထွန်းပြီး အသီးတွေ လှိုင်လှိုင်ဆွတ်ခူးရောင်းချနေရပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ခရမ်းချဉ်သီး ဈေးနှုန်းဟာ တစ်ပိဿာကို ငွေကျပ် ၃၀၀၊ ၄၀၀ ဖြင့်သာ ရောင်းချနေရလို့ အမြတ်နည်းပါတယ်"ဟု ပွင့်ဖြူမြို့နယ်သမန်းရင်းကျေးရွာမှ ထိုင်ဝမ်ခရမ်းချဉ်သီးနှံ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူ ကိုကျော်ဇင်ဝင်းက ပြောသည်။

ဟင်းသီးဟင်းရွက် စားပင်သီးနှံများတွင် ထိုင်ဝမ်ခရမ်းချဉ်သီးသည် အထွက်နှုန်းကောင်းမွန်သည့်အတွက် ဈေးကောင်းရရှိပါက တောင်သူများအတွက် ပိုမိုတွက်ခြေကိုက်ပြီး မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ထိုင်ဝမ်ခရမ်းချဉ်သီးကို အားထားစိုက်ပျိုးကြကြောင်း၊ ထိုင်ဝမ်ခရမ်းချဉ်သီးသည် စိုက်ပျိုးပြီးသုံးလကြာပါက အသီးများ လှိုင်လှိုင်ဆွတ်ခူးရောင်းချရကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## လေ့လာစရာ လက်ပံပွင့်ချိန် နွေဦးအလှရှုခင်းသဖွယ်ဖြစ်နေသော သပြေတန်းခံတပ်

**အမရပူရ ဖေဖော်ဝါရီ ၂၁**

မန္တလေးမြို့ အမရပူရမြို့နယ်အတွင်း အင်းဝသို့သွားသည့် အိုးတုတ္တန်းလမ်းဘေး စစ်ကိုင်းတံတား (ခ) အင်းဝတံတား ဟောင်း၏ အရှေ့ဘက်ဘေးတွင် သမိုင်းဝင် သပြေတန်းခံတပ်တည်ရှိရာ နွေဦးရာသီ လက်ပံပွင့်ချိန်အလှ ရှုခင်းသဖွယ်ဖြစ်နေသည်။

သပြေတန်းခံတပ်ကို မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၃၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ကြာသပတေးနေ့) (၁၈၇၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်) တွင် စတင်တည်ဆောက်ခဲ့သည်။

ခံတပ်ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ဧရာဝတီမြစ်ကြောင်းဖြင့် ရတနာပုံနေပြည်တော်သို့ ဆန်တက်လာမည့် နယ်ချဲ့ရန်ကို တွန်းလှန်တိုက်ခိုက်ရန်ဖြစ်သည်။ သပြေတန်းခံတပ်နှင့် တစ်ပြိုင်တည်းတွင် စစ်ကိုင်းမြို့ အစေခံခံတပ်တစ်ဆောင်၊ အင်းဝမြို့ဟောင်းဆင်ကျုံးရွာ၌ ခံတပ်တစ်ဆောင် ဆောက်လုပ်ခဲ့သည်။ ခံတပ်သုံးခုကို ဧရာဝတီမြစ်ကြောင်း၏ ဝဲ၊ ယာညှပ်လျက် တြိဂံ အနေအထားဖြင့် တည်ဆောက်ခဲ့သည်။ ခံတပ်မှာ အရှေ့အနောက်ပေ ၄၀၀ ကျော်၊ တောင်မြောက် ပေ ၃၅၀ ကျော် ကျယ်ဝန်းသည့်အနေအထားကို တွေ့မြင်နိုင်သည်။

ခံတပ်ကိုလေ့လာခြင်းဖြင့် ရှေးခေတ်မှစစ်ရေးအမြင်များ ခံတပ်တည်ဆောက်ပုံနည်းစနစ်များ ခံတပ်အတွင်းဖွဲ့စည်းထားသောအခန်းများ ခံတပ်တွင်တပ်ဆင်ထားသည့် အမြောက်များကို လေ့လာသိရှိနိုင်သည်။ ခံတပ်တွင်ဆင်ခြေလျှော အုတ်လမ်းများ၊ ဥမင်လိုဏ်များ၊ စစ်သည်ရဲမက်ခန်းများ လက်နက်တိုက်၊ ယမ်းတိုက်များနှင့် အတူ ရေတွင်းများ ပါရှိသည်ကို တွေ့နိုင်သည်။ သပြေတန်းခံတပ်သည် ခံတပ်သုံးခုတွင် အရွယ်အစားအကြီးဆုံးနှင့် ထုထည်အကောင်းဆုံးဖြစ်ကြောင်း သိရသည်။



သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် မတိုက်ခိုက်လိုက်ဘဲ အင်္ဂလိပ်တို့ အလွယ်တကူ သိမ်းပိုက်ခံလိုက်ရသော ခံတပ်ပင်ဖြစ်သည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် သပြေတန်းခံတပ်ကို အရှေ့ဝင်းတော်မှူး၊ ရတနာသိဒ္ဓိမြို့ဝန်၊ ရဲဘက်မြင်းဝန်သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာဦးစီးသော မြန်မာတပ်မတော်သား ၂၀၀၀ ကျော် အရန်သင့်တပ်စွဲကာ ဆန်တက်လာမည့် ရန်သူကို တိုက်ခိုက်ချေမှုန်းရန် အသင့်အနေအထားဖြင့် မြန်မာ့သတ္တိနှင့်မြန်မာ့စစ်ရေးစွမ်းရည်ကိုပြရန် ပြင်ဆင်ထားပြီးဖြစ်သည်။ သို့သော် လွှတ်တော်မှ မခုခံရဆိုသောအမိန့်ကြောင့် တိုက်ခိုက်ခြင်းမပြုရဘဲ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (သောကြာနေ့) (၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်)တွင် အင်္ဂလိပ် လက်အောက်သို့ ကျရောက်သွားခဲ့ရသည်။ ယခုအခါ ခံတပ်အတွင်းရှိ လက်ပံပင်များ လက်ပံပွင့်ချိန် အလှရှုခင်းသဖွယ်ဖြစ်နေသည့်အတွက် လှပသော နွေရှုခင်းသဖွယ်ဖြစ်နေကြောင်း သိရသည်။

**နွေနဒီ-မြစ်ငယ်**

## လေးမျက်နှာမြို့နယ်၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေး

**လေးမျက်နှာ ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးပေါက်ကုန်းအုပ်စု ဒေါင့်ကွေးကျေးရွာရှိ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (မြစိမ်းရောင်စီမံကိန်း) ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဒေါင့်ကွေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၆၂ ဦး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်သူ နှစ်ဦး စုစုပေါင်း စီမံကိန်းအသင်းဝင်ပေါင်း ၁၃၈ ဦးအတွက် ငွေကျပ် (၃၀-၉၄)သန်းအား စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ဒုတိယအကြိမ်မြောက် ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ခာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ထန်းဖိုဦးထန်းလျက်သစ်များ ဈေးကောင်းရရှိ၍ ထန်းတောင်သူတို့ ဝင်ငွေရရှိ

မြန်မာ့စီးပွားရေးထန်းလုပ်ငန်းသည် ထန်းဖိုဦးရာသီ၊ အလယ်သီးရာသီ၊ ထန်းမရာသီဟူ၍ ရာသီချိန် သုံးမျိုးရှိသည်။ ထန်းဖိုဦးရာသီကို ပြာသိုလတွင် ထန်းစပြင်သည်။ ထန်းဖိုဦးရာသီသည် ပြာသို၊ တပို့တွဲ၊ တပေါင်းဖြစ်သည်။ တပေါင်း၊ တန်ခူးလသည် အလယ်သီးရာသီဖြစ်သည်။ ကဆုန်လ၊ နယုန်လတို့သည်ထန်းမရာသီဖြစ်သည်။ ထန်းဖိုဦးရာသီချိန်တွင် ပြာသိုလ၊ တပို့တွဲလတို့တွင် ထန်းပင်အရိုင်းများကို ဓားမဖြင့် ထန်းလက်အခြောက်များကို ခုတ်ခြင်း၊ ထန်းနို့၊ ထန်းပုန်းခွင်များ၊ ထန်းကိုင်ချောင်း အခြောက်များ၊ ထန်းရွက်၊ ထန်းလက်များ၊ ထန်းစစ်များအား ထန်းတက်သမားက ခြေထောက်ဖြင့် ကန်ချခြင်း၊ မလိုအပ်သည်များအား ထန်းပြင်သုံးဓားမဖြင့် ဖယ်ထုတ်ရှင်းလင်းခြင်း၊ အသစ်ထွက်လာသော ထန်းနို့ချောင်းကို ဖော်ယူခြင်း၊ ၎င်းထန်းနို့အချောင်းများကို ထန်းဖူးလျှော်ဖြင့် စုစည်းချည်ထားခြင်း၊ တစ်လျှော့ခြင်း ထန်းလှီးဓားဖြင့် ဖော်ယူကာ လက်ဝါးလက်ချောင်းကဲ့သို့ ထန်းနို့များကို ထန်းဖူးလျှော်ဖြင့် စုစည်းကာ ထန်းနို့ချောင်းကို ထန်းလှီးဓားထက်ထက်ဖြင့် ထန်းပုံးခွင်များဖယ်ကာ ထန်းစများဖော်ခြင်း၊ ထန်းစချောင်းထိပ်ကို ထန်းလှီးဓား၊ ဓားပွင့်တို့ဖြင့် ခပ်ပါးပါးလှီးထားခြင်းလုပ်ငန်းကို ထန်းဖိုဦးရာသီ ထန်းဖိုထန်းပြင်ခြင်းဟု ခေါ်သည်။

ထန်းရည်ချိုခံယူရန် မြူအိုးဖြင့် ချိတ်ဆွဲထားခြင်းကိုကား ထွက်ရှိလာသည့် ထန်းစများအလိုက် ထန်းတစ်ပင်ကို မြူအိုးသုံးလုံးမှ လေးလုံး၊ ငါးလုံးအိုးတပ်ရသည်ကို အိုးတင်ခြင်းဟု ခေါ်ကြောင်း ဝါရင့်ထန်းတက်သမားတို့ထံမှ လေ့လာမှတ်သားရသည်။

ထန်းဖိုဦးရာသီချိန်တွင် ထန်းပင်ပေါ်တွင် မြူအိုးဖြင့် ခံယူထားရာမှ ယိုထွက်လာသော ထန်းရည်ချိုကို ကျိုချက်ရာမှ ထွက်လာသော ထန်းလျက်ကို ထန်းဖိုဦးထန်းလျက်ဟု ခေါ်သည်။

ယခုအခါ မကွေးမြို့နယ် နတ်မောက်နယ်၊ ရေနံ့ချောင်း၊ ချောက်မြို့နယ်တို့တွင် ထန်းဖိုထန်းလျက်အသစ်များ စတင်ပေါ်စပြုနေပြီဖြစ်ရာ ထန်းလျက်သစ် တစ်ပိဿာယခင် ငွေကျပ် ၁၈၀၀ မှ ယခုအခါ ငွေကျပ် ၂၀၀၀ မှ ၂၂၀၀ အထိ ထန်းတောတိုက်မှ ထန်းလျက်ဈေးဖြစ်ရာ ထန်းလျက်ကို ဈေးကောင်းဖြင့် ရောင်းချရသောကြောင့် ထန်းတက်သမားတို့ ဝင်ငွေကောင်းလျက်ရှိကြောင်း၊ ဈေးကွက်ခိုင်မာနေကြောင်း မကွေးမြို့နယ် ကြာကန်၊ နတ်မောက်နယ်၊ တမလန်းပင်၊ ညောင်ကြပ်ပင်ကျေးရွာမှ ဒေသခံ ဝါရင့်ထန်းတက်သမားကြီးတို့၏ ပြောပြချက်အရ သိရသည်။

"ထန်းဖိုဦးထန်းတွေ ပြင်နေပါပြီ။ ထန်းလျက်သစ် တစ်နေ့ ၁၀ ပိဿာလောက်တော့ ရနေပါပြီ။ တစ်နေ့ ငွေကျပ်၂၀၀၀၀ ကျော် ၃၀၀၀၀ လောက် ဝင်ငွေရနေပါပြီ။

"သစ်ရာပင်က အခေါက်ကိုသာ သုံးတာ။ ရှေးအစဉ်အလာပဲ သုံးတယ်။ အခုပေါ်နေတဲ့ချွတ်ဆေးက ကျန်းမာရေးကိုထိခိုက်စေပါတယ်။ စားသုံးသူတွေအနေနဲ့ အရောင်ဖြူတာ လှတာမမက်ဖို့ လိုပါတယ်" ဟု ထန်းသမား ကိုရွှေအေးက ပြောသည်။

"ထန်းရည်အခါးရည်လောင်း ရောင်းချလိုသူများက ထန်းရေချိုစိမ်းကို တစ်မြူငွေကျပ် ၁၀၀၀ စသည်ဖြင့် ဝယ်ကြတယ်။ တချို့ကလည်း ထန်းရည်ချိုကို သောက်ချင်လို့ ဈေးကောင်းပေးဝယ်သောက်ကြပါတယ်"ဟု မကွေးမြို့နယ် ကြာကန်ရွာမှ ထန်းတက်သမားကြီး တစ်ဦးက ပြောသည်။

မိုးရွာသွန်းမှုနည်းပါးခြင်း၊ မိုးကောင်းခြင်းအပေါ်မူတည်၍ ထန်းဖိုပင်မှ ထန်းချောင်းထွက်ရှိမှု အနေအမြန်ရှိကြောင်း ကျောက်ပန်းတောင်းမှ ဝါရင့်ထန်းသမားများ၏ ပြောပြချက်အရ သိရသည်။

မကွေးတိုင်းဒေသကြီး မကွေး၊ နတ်မောက်၊ ရေနံ့ချောင်း၊ ချောက်မြို့နယ်တို့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့တွင် လည်းကောင်း ထန်းဖိုဦးထန်းပြင်ခြင်းလုပ်ငန်း၊ ထန်းတက်ခြင်း၊ ထန်းလှီးခြင်းလုပ်ငန်းများ စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ထန်းစိုက်ဧကနှစ်သောင်းကျော် သုံးသောင်းနီးပါးရှိသည်ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ နှစ်စဉ် ထန်းလျက်ပိဿာချိန် သိန်းပေါင်း ၅၅၀၀ ကျော်ခန့် ထွက်ရှိသည်ဟု စာရင်းမှတ်တမ်းအရ သိရသည်။

ထန်းလျက်ကို မုန့်လုပ်ငန်း၊ ယိုလုပ်ငန်း၊ ဖျော်ရည်လုပ်ငန်း၊ ထန်းလျက်အရက်ချက်လုပ်ငန်း၊ တိုင်းရင်းဆေးလုပ်ငန်းတို့တွင် အသုံးများသည်။ ထန်းလျက်ကို အမှုန့်ပြု၍ လည်းကောင်း၊ အလုံးလိုက် လည်းကောင်း ပြည်ပနိုင်ငံသို့ ပုဂ္ဂလိကကုမ္ပဏီများက နှစ်စဉ်ပို့ဆောင်ပေးကြောင်း ညောင်ဦးမြို့မှ ထန်းလျက်ပွဲစားတစ်ဦးက ပြောသည်။

**စားသုံးမှုများ**

ထန်းလျက်လုပ်ငန်းသည် ရှေးမြန်မာ့ရိုးရာစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၊ ပခုက္ကူမြို့နယ်တို့တွင်လည်း ထန်းလျက်အကြီးအကျယ်ထွက်ရှိကြပြီး ရေစကြိုထန်းလျက်၊ ရေစကြိုထန်းသီးမုန့်တို့သည် ဈေးကွက်ရပြီး ပြည်တွင်း ပြည်ပတို့တွင် စားသုံးမှုများသည်ဟု သိရသည်။

ရေစကြို၊ ပုဂံညောင်ဦးတို့တွင် ထန်းလျက်အမှုန့်များကို လည်းကောင်း၊ ထန်းလျက်အလုံးလိုက်ကို လည်းကောင်း၊ ထန်းရေချိုအရည်မှ ထန်းလျက်သကြားချက်လုပ်ငန်းအဖြစ်သို့ လည်းကောင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း ထန်းလျက်ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေသူများထံမှ သိရသည်။



ယခုအခါ မြန်မာ့ထန်းလုပ်ငန်းမှ ထန်းလျက်ဈေးကွက်မာပြီး ထန်းလျက်ဈေးကောင်းရရှိကြကာ ထန်းပိုင်ရှင်များ၊ ထန်းတက်သမားများ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းက ထိန်းပေးနေကြောင်း သိရသည်။

**ဝင်းမောင်(မကွေး)**

# ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ၌ တစ်ပိုင်တစ်နိုင် (ကြက်ဥ)မရွှေးမုန့်ရောင်းချသူများ လုပ်ငန်းအဆင်ပြေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာတွင် တစ်ပိုင်တစ်နိုင် (ကြက်ဥ)မရွှေးမုန့်လုပ်ငန်း လုပ်ကိုင်ကြသူများ ရောင်းချနေရ၍ ပုံမှန်လည်ပတ် လုပ်ကိုင်ကြပြီး မိသားစုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိနေကြကြောင်း အဆိုပါ ကျေးရွာမှ တစ်ပိုင်တစ်နိုင်(ကြက်ဥ) မရွှေးမုန့်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်စန်းဝင်းထံမှ သိရသည်။



မြန်မာ့ရိုးရာအစားအစာများတွင် တစ်ခုအပါအဝင်ဖြစ်သော (ကြက်ဥ)မရွှေးမုန့်လုပ်ငန်းကို လယ်ကိုင်းကျေးရွာတွင် တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသူ လေး၊ ငါးဦးခန့်ရှိပြီး (ကြက်ဥ)မရွှေးမုန့်ပြုလုပ်ရာတွင် ဆွေမျိုးသားချင်းများဖြင့် ဝိုင်းဖွဲ့၍ လုပ်ကိုင်ကြကြောင်း သိရသည်။ လယ်ကိုင်းကျေးရွာမှ ထွက်ရှိသော (ကြက်ဥ)မရွှေးမုန့်သည် စားသုံးသူပြည်သူများ ဘေးထွက်ဆိုးကျိုးမဖြစ်အောင် စီမံပြုလုပ်ထားသည့်အတွက် ပြည်သူများက စားသုံးရန်အတွက်သော်လည်းကောင်း၊ အပေါင်းအသင်းမိတ်ဆွေများအတွက် အမှတ်တရလက်ဆောင်အဖြစ်ပေးရန် သော်လည်းကောင်း ဝယ်ယူကြသဖြင့် ရောင်းအားကောင်းသည့် မုန့်လုပ်ငန်းဖြစ်ကြောင်း သိရသည်။ (ကြက်ဥ)မရွှေးမုန့်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းမြင့်တက်ခြင်းနှင့် လိုသလောက်ဝယ်ယူ၍ မရခြင်းတို့ကြောင့် လုပ်ငန်းအခက်အခဲများ ကြုံတွေ့နေကြောင်း၊ သို့သော် စားသုံးသူပြည်သူများ ဝယ်ယူစားသုံးရန် အခက်အခဲ မဖြစ်စေရေးအတွက် (ကြက်ဥ)မရွှေးမုန့် လုပ်ငန်းအား ပုံမှန်လည်ပတ်လုပ်ကိုင်နေကြကြောင်း ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာမှ (ကြက်ဥ) မရွှေးမုန့်လုပ်ငန်း လုပ်ကိုင်ကြသူများထံမှ သိရသည်။

မြန်မာ့ရိုးရာအစားအစာ (ကြက်ဥ)မရွှေးမုန့် ပြုလုပ်ရာတွင် ပါဝင်သော ပစ္စည်းများမှာ ကြက်ဥ၊ ဂျုံ၊ ကပ်စေး၊ ထန်းလျက်နှင့် ဆီသန့်တို့ကိုအသုံးပြု၍ ပြုလုပ်ခြင်းဖြစ်ပြီး စားသုံးသူပြည်သူများအတွက် ဘေးထွက်ဆိုးကျိုးမရှိသည့်အတွက် ခရီးသွားပြည်သူများက လယ်ကိုင်းကျေးရွာမှ ပြုလုပ်ရောင်းချသော (ကြက်ဥ)မရွှေးမုန့်ကို အကြိုက်တွေ့ ဝယ်ယူစားသုံးကြသဖြင့် တစ်နေ့လျှင် ငွေကျပ် ငါးသိန်း ၊ ခြောက်သိန်းဖိုးလောက် ပြုလုပ်ရောင်းချရကြောင်း၊ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရာတွင် စားသုံးသူပြည်သူများ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မုန့်ထုပ်တစ်ထုပ်ချင်းစီကို အနည်းဆုံး ငွေကျပ် ၅၀ မှ အများဆုံး ငွေကျပ် ၁၅၀ အထိ ခွဲခြားထုပ်ပိုးရောင်းချကြောင်းနှင့် မကွေး ၊ မင်းဘူး ၊ ပွင့်ဖြူမြို့နယ်များနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ တင်ပို့ရောင်းချနေရကြောင်း ပွင့်ဖြူမြို့နယ်လယ်ကိုင်းကျေးရွာမှ (ကြက်ဥ)မရွှေးမုန့်လုပ်ငန်း လုပ်ကိုင်သူ ဒေါ်ခင်စန်းဝင်းက ပြောသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# COVID-19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှတာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာသက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း… စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ၁၉၉၉ ခုနှစ်နောက်ပိုင်း အန်ဖီးလ်ကွင်း၌ လီဗာပူးအသင်းကို အဲဗာတန်အသင်း ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့

ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၅ ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲလို့ ဆိုရမယ့် လီဗာပူးအသင်းနဲ့ အဲဗာတန်အသင်းတို့ရဲ့ ပွဲစဉ်မှာ အဲဗာတန်အသင်းက လီဗာပူးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ၁၉၉၉ ခုနှစ်နောက်ပိုင်း အန်ဖီးလ်ကွင်း၌ လီဗာပူးအသင်းကို အဲဗာတန်အသင်းက ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ပါတယ်။

အဲဗာတန်အသင်းဟာ အခုလို လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ နှစ်ပေါင်း ၂၂ နှစ်ကြာမှ လီဗာပူးအသင်းရဲ့ အိမ်ကွင်းမှာ ပထမဆုံးနိုင်ခဲ့တာဖြစ်ပြီး လီဗာပူးအသင်းကတော့ အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ၁၉၂၃ ခုနှစ်နောက်ပိုင်းမှာ ပထမဆုံးအကြိမ် အိမ်ကွင်းလေးပွဲဆက်ရှုံးပွဲကြုံခဲ့ရတဲ့ မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့တာဖြစ်ပါတယ်။




အဲဗာတန်အသင်းဟာ ၁၉၉၉ ခုနှစ် စက်တင်ဘာလအတွင်းက ကစားခဲ့တဲ့ပွဲစဉ်မှာ လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲအရပ်ရပ်မှာ လီဗာပူးအသင်းရဲ့ အိမ်ကွင်း အန်ဖီးလ်ကို ၂၄ ကြိမ် သွားရောက်ကစားခဲ့ရာမှာ အခုတစ်ကြိမ်ရောက်မှ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းနည်းပြ ကလော့အတွက်တော့ ၂၀၁၄ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ်လေးပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ အဲဗာတန်အသင်းနည်းပြ အန်စလော့တီကတော့ အခုနှစ်ဘောလုံးရာသီမှာ အဝေးကွင်း ၁၂ ပွဲမှာ ရှစ်ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ အဲဗာတန်အသင်းတို့ ယခုကစားခဲ့တဲ့ပွဲစဉ်မှာ အဲဗာတန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃ မိနစ်မှာ ရစ်ချာလီဆန်ကတစ်ဂိုးနဲ့ ပွဲကစားချိန် ၈၃ မိနစ်မှာ ဆင်းဂတ်ဆန်က ပင်နယ်တီကနေတစ်ဆင့် တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့ကြတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပွဲစဉ် ၂၅ အပြီးမှာ ရမှတ် ၄၀ နဲ့ အမှတ်ပေးဇယားအဆင့် ၆ နေရာမှာရပ်တည်ခဲ့ပြီး အဲဗာတန်အသင်းကတော့ လီဗာပူးအသင်းနဲ့ တစ်ပွဲလျော့အနေအထားမှာ ရမှတ်တူဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားအဆင့် ၇ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ လာမယ့် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်(တနင်္ဂနွေနေ့ည)မှာ ရှက်ဖီးလ်အသင်းရဲ့ အိမ်ကွင်းကို သွားရောက်ကစားရမှာဖြစ်ပြီး အဲဗာတန်အသင်းကတော့ မတ် ၁ ရက်(တနင်္လာနေ့ည)မှာ ဆောက်သမ်တန်အသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာလည်းဖြစ်ပါတယ်။

# မန်ယူအသင်းက နွေရာသီဈေးကွက်အတွင်း ဂျက်ဂရီးယဲလ်လစ်ရှ်ကို ခေါ်ယူမည်

မန်ယူအသင်းဟာ အက်စ်တွန်ဗီလာအသင်းရဲ့ ကွင်းလယ်ကစားသမား ဂျက်ဂရီးယဲလ်လစ်ရှ်ကို နွေရာသီအပြောင်းအရွှေ့ ဈေးကွက်အတွင်းမှာ အိုးထရက်ဖို့ဒ်အရောက်ခေါ်ယူဖို့ စီစဉ်နေပြီး ကစားသမားကိုယ်တိုင်ကလည်း အက်စ်တွန်ဗီလာအသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

မန်ယူအသင်းက ဂျက်ဂရီးယဲလ်လစ်ရှ်ကို ခေါ်ယူဖို့အတွက် ပြီးခဲ့တဲ့ ဘောလုံးရာသီကတည်းက ကြိုးပမ်းနေခဲ့တာဖြစ်ပါတယ်။ ဂျက်ဂရီးယဲလ်လစ်ရှ်ဟာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပွဲစဉ် ၂၂ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၀ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဂျက်ဂရီးယဲလ်လစ်ရှ်ကို ခေါ်ယူဖို့အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ အထိ သုံးစွဲရဖို့ရှိနေပြီး အက်စ်တွန်ဗီလာအသင်းကလည်း မန်ယူအသင်းရဲ့ ကမ်းလှမ်းလာမှုကို လက်ခံသွားဖို့ ပြင်ဆင်ထားတယ်လို့ သိရပါတယ်။




ငွေကြယ် - ရေးသားသည်




# ရီးယဲလ်မက်ဒရစ်အသင်းက ဗယ်လာဒိုးလစ်ကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်က အက်သလက်တီကိုမက်ဒရစ်အသင်းကို ဖိအားပေးနိုင်ခဲ့

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါပွဲစဉ် ၂၄ အဖြစ် ယမန်နေ့ညပိုင်းက ဗယ်လာဒိုးလစ်အသင်း အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကို ဖိအားပေးနိုင်ခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ကက်စမဲရိုးက ပွဲကစားချိန် ၆၅ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းဟာ ဟာဇက်၊ မာဆယ်လိုနဲ့ ကာဗာဂျယ်တို့လို အားထားရတဲ့ ကစားသမားအများစု ဒဏ်ရာပြဿနာကြုံတွေ့နေချိန်မှာ အနိုင်သုံးမှတ်အပြည့် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

အမှတ်ပေးဇယားထိပ်က အက်သလက်တီကိုမက်ဒရစ်အသင်းဟာ အိမ်ကွင်းမှာ လီဗန်တေးအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး အဲဒီရှုံးပွဲကြောင့် လက်ရှိမှာ အမှတ်ပေးဇယားဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရမှတ်သုံးမှတ်သာ ကွာခြားတော့တာဖြစ်ပါတယ်။ အက်သလက်တီကိုမက်ဒရစ်အသင်းက လီဗန်တေးအသင်းကို ရှုံးနိမ့်ခဲ့ခြင်းဟာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း စပိန်လာလီဂါမှာ အိမ်ကွင်းပထမဆုံး ရှုံးပွဲကြုံခဲ့တာလည်းဖြစ်ပါတယ်။

လက်ရှိ စပိန်လာလီဂါအမှတ်ပေးဇယားမှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ရမှတ် ၅၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁ နေရာနဲ့ ရီးယဲလ်မက်ဒရစ်အသင်းက ရမှတ် ၅၂ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

## အမ်ဘတ်ပီနဲ့ နေမာ ပီအက်စ်ဂျီအသင်းမှ ထွက်ခွာခဲ့ပါက ဟယ်ရီကိန်းကို ခေါ်ယူမည်ဟု ပိုချက်တီနိုပြောကြား

ပီအက်စ်ဂျီအသင်းနည်းပြ ပိုချက်တီနိုဟာ အသင်းရဲ့အားထားရတဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ အမ်ဘတ်ပီနဲ့ နေမာတို့ အသင်းမှထွက်ခွာခဲ့ပါက စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီနဲ့ နေမာတို့ဟာ အနာဂတ်ကာလမှာ စပိန်လာလီဂါသို့ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာဖြစ်ပြီး တိုက်စစ်မှူး အမ်ဘတ်ပီကို ရီးယဲလ်မက်ဒရစ်အသင်းကခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

စပါးအသင်းက တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့တန်ဖိုးကို ပြောင်းရွှေ့ကြေးပေါင်သန်း ၁၅၀ သတ်မှတ်ထားပြီး တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် စုစုပေါင်း ၂၂၈ ပွဲပါဝင်ကစားပေးထားခဲ့ရာမှာ သွင်းဂိုး ၁၅၆ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာကြောင့် မန်စီးတီးအသင်းကလည်း ဟယ်ရီကိန်းကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။ ပီအက်စ်ဂျီအသင်းနည်းပြ ပိုချက်တီနိုဟာ စပါးအသင်းနည်းပြအဖြစ် တာဝန်ယူ ကိုင်တွယ်ခဲ့စဉ်က တိုက်စစ်မှူး ဟယ်ရီကိန်းနဲ့ လက်တွဲခဲ့တာကြောင့် လက်ရှိကလပ် ပီအက်စ်ဂျီအသင်းမှာ ဟယ်ရီကိန်းနဲ့ ပြန်လည်လက်တွဲဖို့ မျှော်လင့်နေတာလည်း ဖြစ်ပါတယ်။

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုး ကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။

---




ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း

---




ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း

---




စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း

---




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း

---




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း

---




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ

---





အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်

---




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်

---




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# သတင်းထုတ်ပြန်ချက်

ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးအချို့၊ ပြည်ပနိုင်ငံအချို့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းတို့မှ မြန်မာနိုင်ငံ၏ မကြာသေးမီက ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ကြေညာချက်များထုတ်ပြန်ခဲ့သည်။

ငင်းတို့၏ စိုးရိမ်ပူပန်မှုများကို တုံ့ပြန်သည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၆-၂-၂၀၂၁ ရက်တွင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့မှလည်း ၅-၂-၂၀၂၁ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ရန်ကုန်မြို့အခြေစိုက် သံတမန်များအား မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မလွဲမရှောင်သာသည့် အခြေအနေများကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့ရကြောင်းကို ရှင်းလင်းစွာ နားလည်ကြရန် လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ဆက်လက်လိုက်နာမည်ဖြစ်ပြီး နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားရန် ဆုံးဖြတ်ထားပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ထပ်လောင်းအတည်ပြုသည်။ နိုင်ငံတော်၏အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက အခြေအနေအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ပြီးနောက် လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

နိုင်ငံတော်၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရာတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

# ပြည်သူသို့အသိပေးချက်

**ရက်စွဲ။ ၂၁-၂-၂၀၂၁**

ဖေဖော်ဝါရီလ ၂၂ ရက်သည် ပင်စင်လစာစား ၉ သိန်းကျော် ပင်စင် စတင်ထုတ်ယူရမည့် ရက်ဖြစ်ပြီး အဆိုပါ ပင်စင်စားများသည် ပင်စင်လစာတစ်ခုတည်းကိုသာ မှီခိုအားထားပြုနေကြသူများဖြစ်ပါသည်။ ပင်စင်စားဝန်ထမ်းများ လစာထုတ်ယူရန်အတွက် နေအိမ်ပြင်ပ မထွက်ခွာနိုင်ရန်၊ ဘဏ်သို့သွားမည့်လမ်းကြောင်းတွင်လည်း မသွားနိုင်စေရန်၊ ဘဏ်၌လည်း ငွေထုတ်ယူခြင်းမပြုနိုင်ရန် နည်းမျိုးစုံဖြင့်နှောင့်ယှက်ခြင်း၊ တားဆီးပိတ်ဆို့ခြင်း၊ အဓမ္မဖိအားပေးခြင်းလုပ်ဆောင်မည်ဖြစ်ကြောင်း လူမှုကွန်ရက်များတွင် ဖော်ပြနေကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် ဖိအားပေးခြိမ်းခြောက်၍ အဓမ္မ CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆောင်ရွက်ခံရမှုကြောင့် အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူအများစုကလည်း ယခုကဲ့သို့ အဓမ္မလုပ်ရပ်များကို ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ပေးနိုင်ရေး အသိပေးစာများကိုလည်း အကြိမ်ကြိမ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ပေးပို့တိုင်တန်းလျက်ရှိပါသည်။ ဒီမိုကရေစီယဉ်ကျေးမှုအရ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်သော်လည်း အများပြည်သူ အေးချမ်းစွာစားသောက်နေထိုင်ရေးနှင့် တည်ငြိမ်မှုကို ထိခိုက်ပျက်စီးစေရန်အလို့ငှါ ယခုကဲ့သို့ ဥပဒေမဲ့ခြိမ်းခြောက်အကျပ်ကိုင်၊ အဓမ္မအကြမ်းဖက်မှုများသည် အကြမ်းဖက်ဆူပူမှု(Riot)အသွင် ဦးတည်လာခြင်းဖြစ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

# မြန်မာတို့၏ ပန်းတော့ အတတ်ပညာ လက်ဆင့်ကမ်းထိန်းသိမ်းရန် လိုအပ်



**မင်းဘူး ဖေဖော်ဝါရီ ၂၁**

မြန်မာတို့၏ လက်မှုအတတ်ပညာဖြစ်သော "ဘုရားမတင် နတ်မဝင် လူတွင် ပန်းဆယ်မျိုး" ဟု ခေါ်ဆိုသော လက်မှုအတတ်ပညာ ဆယ်မျိုးထဲတွင် ပန်းတော့အတတ်ပညာလည်း တစ်ခုအပါအဝင် ဖြစ်သည်။ ပန်းတော့ဆိုသည်မှာ အင်္ဂတေ သရွတ်ဖြင့် ရုပ်လုံး၊ ရုပ်ကြွပေါ်အောင် ဖန်တီး၊ ခြယ်သ၊ မွမ်းမံတန်ဆာ ပြုလုပ်ထားသော ပညာဖြစ်သည်။ ဤအတတ်ပညာသည် အနုစိတ်သည့် လက်မှုအတတ်ပညာ ဖြစ်သည့်အလျောက် တတ်မြောက်သူများလည်း ရှားပါးသည်။

ပန်းတော့အတတ်ပညာဖြင့် ပြုလုပ်ထားသော လက်ရာများကို ဘုရား၊ တန်ဆောင်း၊ ကျောင်းများ၏ မုခ်ဦးများ၊ နံရံများ၊ မင်းခမ်းမင်းနား အသုံးအဆောင်နှင့် **စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**


ကြေးမုံ ယနေ့ ဖတ်စရာ

**အေးချမ်းစွာနေပါရစေ . . .**

စာမျက်နှာ » ၁၀

**အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လေးသန်းနီးပါး ရှိလာ**

စာမျက်နှာ » ၁၁

**ပညာရေး နီးပါရစေ**

စာမျက်နှာ » ၂၀

**၁၉၉၉ ခုနှစ်နောက်ပိုင်း အန်ဖီးလ်ကွင်း၌ လီဗာပူးအသင်းကို အဲဗာတန်အသင်း ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့**



စာမျက်နှာ » ၂၉


# ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ် သြစတြေးလျအိုးပင်းတင်းနစ်ဆုဖလား ကိုးကြိမ်မြောက်ဆွတ်ခူး



သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ဖေဖော်ဝါရီ ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ သြစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲမှာ ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်က ရုရှားတင်းနစ်ကစားသမား ဒန်နီအီလ်မက်ဗီဒက်ဗ်ကို အနိုင်ရရှိခဲ့တာကြောင့် ဂျိုကိုဗစ်ဟာ သြစတြေးလျအိုးပင်းတင်းနစ်ဆုဖလားကို ကိုးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ပါတယ်။

တင်းနစ်လောကရဲ့ ကမ္ဘာ့အဆင့် ၁ နေရာမှာ ရပ်တည်နေတဲ့ ဂျိုကိုဗစ်ဟာ ဗိုလ်လုပွဲမှာ မက်ဗီဒက်ဗ်ကို ၇-၅၊ ၆-၂၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာကြောင့် တင်းနစ်ကစားသမားဘဝတစ်လျှောက် ၁၈ ကြိမ်မြောက် ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်လည်း ရရှိခဲ့ပါတယ်။ ဒါ့အပြင် အသက် ၃၃ နှစ်အရွယ်ရှိ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ **စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ○**